# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၆)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းညှော်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းညှော်ခံသည့် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

*စာမျက်နှာ ၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# ကျန်းမာရေးအသိ၊ သတိတို့ မြင့်မားဖို့လို

သက်ရှိသတ္တဝါတို့၏ ရှင်သန်ရေးတွင် အစာအာဟာရက အဓိကကျသည်။ အစာလည်းဆေး၊ ဆေးလည်းအစာဟူသော စကားပုံနှင့်အညီ အစားအစာကို စနစ်တကျ စားသုံးတတ်ပါက မိမိတို့၏ ကျန်းမာအသက်ရှည်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်သည်။ သို့ရာတွင် မိမိတို့ စားသောက်သည့် အစားအစာများမှာ သန့်ရှင်းလတ်ဆတ်မှုမရှိခြင်း၊ ဓာတ်ဆေးဆိုးဆေးများအပါအဝင် ဓာတုပစ္စည်းများကို ကျန်းမာရေးထိခိုက်စေနိုင်သည့် အတိုင်းအတာထိ သုံးစွဲထားခြင်း၊ ရေရှည်စားသုံးရန်မသင့်သည့် နည်းပညာများကို သုံးစွဲထားခြင်းတို့ မကင်းခဲ့ပါက အစာကဆေးမဖြစ်တော့ဘဲ ဘေးဖြစ်စေနိုင်သည်ကိုလည်း ဂရုပြုကြရမည်ဖြစ်သည်။

နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်းထိခိုက်စေသည့် အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာသက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံ သုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်တွင်မေးမြန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်များကို မှတ်သားဖွယ်ရာ ဖတ်ရှုခဲ့ရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်တွင် တရားဝင်ပိတ်ပင်ထားသည့် အစားအသောက်များကို ဈေးကွက်ထဲမှာ ရရှိနေသေးကြောင်း၊ အထည်အလိပ်လုပ်ငန်းများတွင်သုံးသည့် ဆိုးဆေးများကို အစားအသောက်များတွင် ထည့်သွင်းသုံးစွဲနေကြောင်း၊ ငါးပိငါးခြောက်များတွင် ယင်မနားဆေးများ ပက်ဖျန်းထားပြီး ဆန်၊ ပဲ တို့တွင်လည်း ပိုးသတ်ဆေးများ ထည့်သွင်းနေကြောင်း၊ သစ်သီးဝလံများ မှည့်စေသည့်ဆေးများ၊ ဓာတုဗေဒအချဉ်ခဲများ၊ အညွှန်းမပါ တရားမဝင်ဖြန့်ချိနေသော မုန့်များကို ရောင်းချနေကြကြောင်း စသည်တို့ပါဝင်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ အမျိုးသားရေးအတွက် အလွန်အရေးကြီးသော အခြေအနေတစ်ရပ်အဖြစ် ပြည်ထောင်စုဝန်ကြီးက ထောက်ပြခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းဖြေကြားခဲ့သည်။ မှတ်သားဖွယ်အချက်မှာ ကျန်းမာရေးအသိပညာမြင့်မားရေးဖြစ်သည်။ Health Literacy ခေါ် ကျန်းမာရေး အသိပညာပေးရေးကို အမျိုးသားရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်ရာတွင် ကျောင်းများမှ ကျောင်းသား၊ ဆရာ၊ မိဘများ၊ မြန်မာနိုင်ငံစားသုံးသူများအသင်း၊ ပြည်တွင်း NGO များ၊ မီဒီယာများ၊ ဆေးဆိုင်များ စသည်တို့ ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် လိုအပ်လျက်ရှိသည်။

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေး နည်းလမ်း၊ တရားစွဲဆိုခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်ရာတွင်လည်း FDA တစ်ခုတည်းဖြင့် လုံလောက်မှုမရှိဘဲ အကောက်ခွန်၊ ပြည်ထဲရေး၊ လွှတ်တော်၊ တရားရေးစသည်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဤနေရာတွင် အကြံပြုလိုသည်မှာ စားသုံးသူပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အသိ၊ သတိတို့ဖြင့် မိမိတို့စားသုံးကြသည့် အစားအစာမှ ရေတို ရေရှည်တွင် ဘေးမဖြစ်စေရေးအတွက် အတတ်နိုင်ဆုံးဆင်ခြင်ရှောင်ရှားနိုင်ကြရန်ပင်ဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်၌ ရောင်းချနေပြီး မိမိတို့နေ့စဉ် ဝယ်ယူစားသောက်နေကြရသည့် အစားအစာများ၏ သန့်ရှင်းမှု၊ ဘေးကင်းမှု၊ စစ်မှန်မှုတို့ကို သတိပြုဆန်းစစ်ကာ ရွေးချယ်ဝယ်ယူစားသုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးစေပြီး အစာလည်းဆေး၊ ဆေးလည်းအစာဟူသည့် အကျိုးရလဒ်တို့ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## နှစ်နိုင်ငံနယ်စပ် ရေကြောင်းတစ်လျှောက် တရားမဝင်ဖြတ်သန်းမှုများကို မြန်မာ-ထိုင်း ပူးပေါင်းကြပ်မတ်စိစစ်သွားမည်

**တာချီလိတ် ဖေဖော်ဝါရီ ၁၂**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့စီမွန်ချွန်ရပ်ကွက်ရှိ Silamanee Resort and Spa Hotel ဟိုတယ် ကာခလုံးခမ်း အစည်းအဝေးခန်းမ၌ မြန်မာ-ထိုင်း နယ်စပ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီလပထမပတ်က ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံနယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဥက္ကဋ္ဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းဦးစီးသည့် မြန်မာကိုယ်စားလှယ် ၂၀၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး Mr.Natlop Raksasook ဦးစီးသည့် ထိုင်းကိုယ်စားလှယ် ၃၁ ဦး၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဂေဟာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အစည်းအဝေးတွင် ချင်းရိုင်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး Mr.Natlop Raksasook က အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံနယ်စပ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ထိုင်းကိုယ်စားလှယ်အဖွဲ့များက ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်းပြီး ထိုင်းနိုင်ငံ၌ ဥပဒေပြဌာန်းထားရှိမှု၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် နယ်စပ်ရေကြောင်းတစ်လျှောက် တရားမဝင်ဖြတ်သန်းမှုများကို အထူးစောင့်ကြည့်ရေးအဖွဲ့များဖြင့် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်အတွင်း တာချီလိတ်-မယ်ဆိုင် နယ်စပ်ရေကြောင်းတစ်လျှောက် တရားမဝင်ဖြတ်သန်းမှု မရှိစေရေးအတွက် နှစ်နိုင်ငံညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားရန်၊ အမျိုးသမီးနှင့် ကလေးသူငယ်များ၊ ရွှေ့ပြောင်းလုပ်သားများ၏ လိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးသွားရန်၊ လူကုန်ကူးခံရမှု အများဆုံးဖြစ်ပေါ်သောဒေသများရှိ တိုင်းရင်းသားပြည်သူများကို နှစ်နိုင်ငံအသိပညာပေး ဟောပြော ဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန်၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ်နှင့် ပူးပေါင်းဆောင်ရွက်နေသော ထိုင်းနိုင်ငံအတွင်းရှိ ဂေဟာ ၁၁ ခုနှင့် ပတ်သက်၍ မြန်မာဘက်မှ လိုအပ်သည့်အကူအညီများ တောင်းခံလာပါက ကူညီဆောင်ရွက်ပေးသွားရန်၊ နှစ်နိုင်ငံလိုအပ်ချက်၊ အားနည်းချက်များအပေါ် ဖြည့်ဆည်းပြုပြင်ဆောင်ရွက်သွားရန်၊ လူကုန်ကူးမှု တရားခံများအားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ယခင်ထက်ပိုမို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အရှိန်ထိန်း ခုံးများ၌ ကြိုတင်သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရန်လိုအပ်

**လှိုင်ကော် ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ်အတွင်းရှိမြို့နှင့် ကျေးရွာများအတွင်း ဖြတ်သန်းဖောက်လုပ်ထားရှိသော မော်တော်ကားလမ်းများ၏ အချို့နေရာများ၌ အရှိန်ထိန်း ခုံးများ ပြုလုပ်ထားရှိပြီး သတိပေးဆိုင်းဘုတ်တပ်ဆင်စိုက်ထူထားခြင်း မရှိသောကြောင့် အမှတ်တမဲ့မောင်းနှင်လာသည့်ယာဉ်များ ထိခိုက်ပျက်စီးမှုများရှိနေကြောင်း ယာဉ်မောင်းအချို့ထံမှ သိရသည်။

"လမ်းဆုံလမ်းခွဲတွေ၊ စာသင်ကျောင်းရှေ့တွေ၊ ဌာနဆိုင်ရာရုံးရှေ့တွေ၊ ဘာသာရေးအဆောက်အအုံတွေရှေ့က ဖြတ်သန်းတဲ့ လမ်းတွေပေါ်မှာယာဉ်တွေ အရှိန်လျှော့ပြီး မောင်းနှင်စေလိုတဲ့သဘောနဲ့ အရှိန်ထိန်း ခုံးတွေ ပြုလုပ်လာကြပါတယ်၊ ရှေ့မှာ အရှိန်ထိန်း ခုံးရှိကြောင်း ကြိုတင်သတိပေးဆိုင်းဘုတ်မရှိတော့ ဒီလမ်းကိုဖြတ်သန်းဖူးသူတွေအတွက် ပြဿနာမရှိပေမယ့် အရှိန်ထိန်း ခုံးရှိမှန်းမသိတဲ့ ယာဉ်တွေအတွက် အရှိန်ထိန်း ခုံးကြောင့် ပျက်စီးမှုတွေ ဖြစ်နေရပါတယ်၊ အရှိန်ထိန်း ခုံးရှိမှန်း မသိဘဲ မောင်းနှင်လာတော့အနားရောက်မှ အရှိန်ထိန်း ခုံးကို ရုတ်တရက်တွေ့မြင်ပြီး ဘရိတ်အုပ်လိုက်ရတာမျိုးတွေ၊ သတိမမူမိဘဲ ကျော်တက်မိတာမျိုးတွေ ဖြစ်ပေါ်တဲ့အခါ ယာဉ်ပျက်စီးထိခိုက်မှုရှိသလို လူထိခိုက်ဒဏ်ရာရတာမျိုးတွေလည်း ရှိနေပါတယ်၊ အရှိန်ထိန်း ခုံးကြောင့်အကျိုးထက် အပြစ်ကများနေပါတယ်"ဟုလှိုင်ကော်မြို့နေ ယာဉ်မောင်းတစ်ဦးဖြစ်သူ ဦးစိုးမြင့်နောင်က ပြောသည်။

ကယားပြည်နယ်အတွင်းလမ်းများ ကောင်းမွန်လာပြီး ယာဉ်စီးရေလည်းတိုးပွားလာသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်း စေလိုသောသဘောဖြင့် အရှိန်ထိန်း ခုံးများ ပြုလုပ်လာကြရာတွင် အဆိုပါ အရှိန်ထိန်း ခုံးများကြောင့် ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် သတိပေးဆိုင်းဘုတ်များကို ထင်သာမြင်သာ တပ်ဆင်အသုံးပြုရန်အထူးလိုအပ် လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ . ၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ . ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ . ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့အား တွေ့ရစဉ်။ သတင်းစဉ်

၁ရှေ့ဖုံးမှ

ဦးဆောင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ တို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း တို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဧည့်သည်တော်များသည် မြို့တော်ခန်းမလေဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညစာစားပွဲနှင့် ညစာစားပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် တာဝန်ရှိသူများက ယဉ်ကျေးမှုအကအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



# မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU) နှင့် ဂျပန်နိုင်ငံမှ နိပ္ပွန်ဖောင်ဒေးရှင်းတို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA ၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA က နှစ်နှစ်အတွင်း NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် အစိုးရကြားတွင် လက်မှတ်ရေးထိုးနိုင်ရေး နှစ်ဖက်စလုံးမှ ဖွဲ့မလျှော့ဘဲ လုပ်ဆောင်ခဲ့ကြသည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူလူထု၏ သဘောတရားအပေါ်မူတည်ပြီး NCA လက်မှတ်ထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဟု သိရှိရ၍ မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ အရေးအကြီးဆုံးအဖြစ် သတ်မှတ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနှင့် NCA လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိနားလည်ပါကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့က NCA လက်မှတ်ထိုးနိုင်သည့်အဆင့်ထိ ရောက်ရှိလာသည်မှာ လေးနက်သည့် လုပ်ဆောင်မှုတစ်ခုဟု နားလည်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စတစ်ခုဖြစ်သည်ဟု ခံယူထားပါကြောင်း၊ ကာယကံရှင်များဖြစ်သည့် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံပြီး ယုံကြည်မှုပိုမိုမြှင့်တင်နိုင်ရန် မိမိတို့အနေဖြင့် ဝိုင်းဝန်းကူညီခဲ့ခြင်းဖြစ်ပါကြောင်း၊ ဂျပန်အစိုးရနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းလက်တွဲ၍ NCA လက်မှတ်ထိုးပြီးသည့် KNU ဒေသတွင် ငြိမ်းချမ်းရေးအကျိုးကျေးဇူးများ ခံစားနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ ကို ဝိုင်းဝန်းကူညီခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် NCA လက်မှတ်ထိုးမည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့၏ ဒေသတွင် နေထိုင်ကြသည့် ပြည်သူပြည်သားများ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို အမြန်ဆုံး ခံစားနိုင်စေရန်အတွက်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ထောမွန်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် အမျိုးသားသင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်မည်ဆိုသည်ကို မိမိတို့အနေဖြင့် ထောက်ခံပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လက်မှတ်မထိုးခဲ့ရခြင်းသည် (All Inclusive) ဖြစ်ရန်၊ အားလုံးပါဝင်နိုင်ရန် တောင်းဆိုခဲ့သော်လည်း အစိုးရကသဘောမတူသဖြင့် မိမိတို့အနေဖြင့် လက်မှတ်မထိုးဖြစ်ခဲ့ပါကြောင်း၊ တပ်ပေါင်းစုအနေဖြင့် ဖွဲ့စည်းဆွေးနွေးပြီးနောက်ပိုင်းတွင် ပြေလည်သင့်သလောက် ပြေလည်ပြီး၍ လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်း၊ ထိုသို့ လက်မှတ်ထိုးနိုင်ခြင်းသည် ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း၊ အားလုံးပါဝင်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးစားလျက်ရှိပါကြောင်း၊ နိပ္ပွန်ဖောင်ဒေးရှင်းအနေဖြင့် တတ်နိုင်သည့် အကူအညီများ ပေးမည်ဆိုသည်ကို မိမိတို့အနေဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မည်သည့်အခက်အခဲများ ရှိလာမည်ကို မသိသော်လည်း ပြည်သူ့အတွက် ရည်ရွယ်ကြိုးစားဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကြာခွန်ဆာက မိမိတို့အဖွဲ့အစည်းအနေဖြင့် လက်မှတ်ရေးထိုးနိုင်ရေး မျှော်လင့်ထားသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ လားဟူဒေသတွင် များစွာဖွံ့ဖြိုးတိုးတက်ရန် လိုလားပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ငြိမ်းချမ်းရေးကို မျှော်လင့်နေသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်ပေး၊ အခွင့်အရေးပေးသည့်အတွက်လည်း မိမိတို့အနေဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သတင်းထောက်များ၏မေးမြန်းချက်များအား မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး ဥက္ကဋ္ဌ ကြာခွန်ဆာနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. YOHEI SASAKAWA နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**





၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။ သတင်းစဉ်

❍ *ကျောဖုံးမှ*

ရှေးဦးစွာ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ အလံတင်အဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

**ချီတက်နေရာယူ**

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှ စတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

**အလေးပြုခြင်းခံယူ**

ယင်းနောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်ကြ**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်

# ရန်ကုန်မြို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာတစ်မျိုးသားလုံး၏ စိတ်ဘဝင်၌ ထာဝစဉ်မမေ့အပ်သော ယနေ့ကျရောက်သည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်မြို့ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ယနေ့နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသော ပြည်သူများ ပူးပေါင်းပါဝင် တက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး ကျင်းပသည့် ယနေ့ကျရောက်သော (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတော်အလံကို ချီတက်အလေးပြုကြသည်။ တစ်ပြိုင်နက်တည်းမှာပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဘင်ခရာအဖွဲ့ကလည်း သံပြိုင်တီးမှုတ်ကာ စုပေါင်းချီတက်ပြီး (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာသော သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ပူးပေါင်းပါဝင်လာသော ပြည်သူများနှင့် စုပေါင်းအလေးပြုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ မြန်မာနိုင်ငံ၏ ယနေ့ ကျရောက်သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

**ပြည်သူများတက်ရောက်**

တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကာ ကျင်းပသော (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူလူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်မြို့နယ်များအတွင်းမှ ပြည်သူများ တက်ရောက်ကြသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မဟာဗန္ဓုလပန်းခြံအတွင်း၌ ကျင်းပနေစဉ်။ ဓာတ်ပုံ- မင်းထက်

**ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ပန်းတောင်းမြို့နယ်၌ ကျင်းပ**

**ပန်းတောင်း ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။ ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့ပေါ်ရှိ အားကစားနှင့် ကာယပညာကော်မတီတို့ ကြီးမှူးကျင်းပသော အဆိုပါ အလွတ်တန်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲတွင် အသင်းရှစ်သင်းတို့က ဖေဖော်ဝါရီ ၉ ရက်မှစ၍ ပတ်လည်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ထင်တိုင်းအောင်အသင်း(ပြည်မြို့)က ပထမ၊ ငြိမ်းချမ်းဦးအသင်း(ဥသျှစ်ပင်မြို့)က ဒုတိယ၊ နိုင်းစတားအသင်း(ကပစ-၉)က တတိယနှင့် ကျားရိုင်းအသင်း(ပြည်တက္ကသိုလ်)က စတုတ္ထဆုများ ရရှိခဲ့ကြသည်။ ဆုရအသင်းများအား မြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့ပေါ်ရှိ အားကစားနှင့် ကာယပညာကော်မတီဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။ **အောင်မြင့်(ပန်းတောင်း)**

# မြန်မာ့သမိုင်းမှ နိုင်ငံရေးဓလေ့

**သုတေသီ (သမိုင်း)**

ယနေ့ မြန်မာနိုင်ငံ၏ မြေပုံကိုကြည့်၍ ရှေးမင်းတို့ စုစည်းတည်ထောင်ခဲ့မှုများ၊ ကြိုးပမ်းအားထုတ်ခဲ့မှုများကို ပြန်ပြောင်းသတိရကာ သမိုင်းအတွေးများကို ဖြန့်ကြက်နေမိသည်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတော်ဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ် တည်တံ့ခိုင်မြဲအောင် ခေတ်အဆက်ဆက် ညီနောင်တိုင်းရင်းသားများ တစ်ဦးလိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းပေးရင်းဖြင့် တည်ဆောက်လာခဲ့ကြခြင်း ဖြစ်သည်။ ၎င်းပြင် ပဒေသရာဇ်နိုင်ငံများ အင်အားကောင်းသည့်အခါတွင် အပြန်အလှန် တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် သမိုင်းအထောက်အထားများလည်း မြန်မာ့သမိုင်းကြောင်းတွင် အထင်အရှား တွေ့မြင်နိုင်ပေသည်။

မြန်မာနိုင်ငံ၏ နှစ်ပေါင်း နှစ်ထောင်ကျော် ရှည်လျားလှသော ယဉ်ကျေးမှုသမိုင်းကြောင်းကြီးအတွင်းတွင် ညီနောင်နွယ်ဖွား တိုင်းရင်းသားများသည် ခေတ်အသီးသီးကို ဖြတ်သန်းလာခဲ့ကြပြီး စနစ်အမျိုးမျိုးကိုလည်း တွေ့ကြုံခဲ့ကြသည်။

**မြန်မာ့သမိုင်းကြောင်း**

ထိုမျှ ရှည်လျားလှသော မြန်မာ့သမိုင်းကြောင်းမှ ပုဂံခေတ် အနိရုဒ္ဓမင်း စုစည်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်၏ ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုအဆောက်အအုံနှင့် ခိုင်မြဲသော အစဉ်အလာကောင်းများကို ပေါ်ထွန်းစေခဲ့သည်မှာ ယင်းခေတ်တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က စည်းလုံးညီညွတ်စွာဖြင့် တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

အနိရုဒ္ဓမင်းလက်ထက်တွင် တိုင်းရင်းသားများစည်းလုံးညီညွတ်ပြီး အချုပ်အခြာအာဏာပိုင် ပုဂံနိုင်ငံတော်ကြီးသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ဘက်တွင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကျန်စစ်သားလက်ထက် (၁၀၈၄-၁၁၁၃) တွင်လည်း မွန် မြန်မာ သွေးနှောသော မြေးဖြစ်သူ အလောင်းစည်သူကို နန်းလျာထားခြင်း၊ မွန်ပညာရှိတို့ကို မင်းတိုင်ပင်မှူးမတ်များအဖြစ် ခန့်ထားခြင်း၊ ကုသိုလ်ကောင်းမှုများဖြစ်သော ဂူ၊ ဘုရား၊ စေတီပုထိုးများတွင် မွန်ဘာသာကျောက်စာများကို ရေးထိုးစေပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကို ချီးမြှင့်မြှောက်စား၍ အလေးပေးခြင်း စသည်တို့ကို ကြည့်ခြင်းအားဖြင့် ကျန်စစ်သား၏ အုပ်ချုပ်ရေးဝါဒသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် များစွာအမြော်အမြင်ကြီးပြီး မှန်ကန်သည့် လမ်းစဉ်ဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ မွန် မြန်မာ ချစ်ကြည်ရေးကို ရှေ့တန်းတင်ပေးခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအပေါ် အလေးထားသော မင်းဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှသာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း ကောင်းစွာနားလည်သဘောပေါက်သော မင်းဖြစ်ကြောင်း သိရှိနိုင်ပေသည်။

ပုဂံခေတ် ရခိုင်ဒေသတွင် နိုင်ငံရေး မငြိမ်သက်မှုများကြောင့် နန်းရိုးမင်းသည် ပုဂံသို့ သွားရောက်ခိုလှုံခဲ့သည်။ အလောင်းစည်သူမင်း၏ အကူအညီဖြင့် ရခိုင်နန်းရိုး လက်ျာမင်းနန်းမင်း နန်းရလာသည်။ ထို့ကြောင့် ပုဂံခေတ်တွင် တိုင်းရင်းသားများအရေးကို လွန်စွာ တန်ဖိုးထားလုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသည့် သာဓကများပင်ဖြစ်သည်။

ပုဂံခေတ် ကျော်စွာ၏ သားတော်တစ်ပါးဖြစ်သည့် ကုမာရကဿပသည်လည်း ၎င်းသည် နန်းရထိုက်သည်ဟုဆိုကာ ယူနန်သို့ အေဒီ ၁၂၉၉ တွင် ထွက်ပြေးသွားပြီး မွန်ဂိုတို့ထံ အကူအညီတောင်းခံခဲ့သည်။ သို့နှင့် အေဒီ ၁၃၀၀ ပြည့်နှစ်ဦးတွင် မွန်ဂိုဧကရာဇ်က ကုမာရကဿပသည် မြန်မာမင်း အစစ်အမှန်ဖြစ်သည်ဟု ကြေညာပြီး စစ်တပ်ကို စေလွှတ်ခဲ့သည်။ ထိုသို့ မိမိ၏ မင်းအဖြစ်ရလိုသော အကျိုးတစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အားထုတ်ရမည့်အစား တိုင်းတစ်ပါးသား ပြည်ပကို အားကိုးအားထားပြုလိုသော မင်းများလက်ထက်တွင် နိုင်ငံသည် အေးချမ်းသာယာခြင်း မရှိတော့ချေ။

**သူတစ်လူ ငါတစ်မင်း**

ပုဂံခေတ်နှောင်းပိုင်း ၁၂၇၀ ပြည့်နှစ်မှ အစပြု၍ နှစ်ပေါင်း ၃၀ နီးပါးမျှ မွန်ဂိုတို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် စည်းလုံးမှု ယိုယွင်းပျက်စီးပြီးနောက် မြန်မာနိုင်ငံတွင် သူတစ်လူ ငါတစ်မင်းမင်းနေပြည်များ အပြိုင်အဆိုင်ထူထောင် မင်းပြုအုပ်ချုပ်လာခဲ့ကြသည်ကို တွေ့ရပေသည်။ ဤတွင် ပုဂံ၏ အရေးပါမှုသည် တစ်ခန်းရပ်ခဲ့ကာ ပင်းယ၊ စစ်ကိုင်းနှင့် အင်းဝတို့သည် ထိုခေတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဗဟိုအချက်အချာဒေသများအဖြစ် ပေါ်ထွန်းလာခဲ့တော့သည်။ ဤသည်မှာ စည်းလုံးမှုပျက်ပြားသည့်အတွက် ဖြစ်ပေါ်လာသည့် ရလဒ်ပင်ဖြစ်သည်။

ထို့ပြင် ပုဂံပျက်စီးပြီးနောက် မြန်မာနိုင်ငံသည် ဝါးအစည်းပြေသကဲ့သို့ ပြိုကွဲသွားကာ ပဒေသရာဇ်နိုင်ငံငယ်များ ပေါ်ပေါက်လာခဲ့သည်။ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ရှမ်းပဒေသရာဇ် တို့သည်လည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မြန်မာပဒေသရာဇ် တို့သည်လည်းကောင်း၊ တောင်ဘက်တွင် မွန်ပဒေသရာဇ် တို့သည်လည်းကောင်း၊ အနောက်ဘက်တွင် ရခိုင်ပဒေရာဇ် တို့သည်လည်းကောင်း အုပ်စုလိုက် နေထိုင်ခဲ့ကြသည်။ ပဒေသရာဇ်တို့သည် တစ်ဦးနှင့်တစ်ဦး စည်းလုံးခြင်းမရှိဘဲ အုပ်စုတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။

ဟံသာဝတီတွင် ရာဇာဓိရာဇ် နန်းတက်သောအခါ ထိုမင်းလက်ထက် ရာဇာဓိရာဇ် ဦးရီးတော်ဖြစ်သော မြောင်းမြစားလောက်ဖျားက အင်းဝဘုရင် မင်းကြီးစွာစော်ကဲထံ ဟံသာဝတီကို ချီတက်သိမ်းပိုက်ရန် ကမ်းလှမ်းလာသည်။ သို့နှင့် အင်းဝတပ်သည် ဟံသာဝတီသို့ ချီတက်တိုက်ခိုက်လေသည်။ ဟံသာဝတီ အချင်းချင်း မသင့်မြတ်၍ အင်းဝမင်းထံ အကူအညီတောင်းခံရာမှ မြန်မာသမိုင်းကြောင်းတွင် အရှည်လျားဆုံးသော ဟံသာဝတီ-အင်းဝ အနှစ် ၄၀ စစ် ဖြစ်ပွားခဲ့ရသည်။ သို့သော် ယင်းစစ်ပွဲသည်လည်း နှလုံးရည်နှင့် စစ်ရေးစွမ်းရည်ကိုသာ စမ်းသပ်သော တိုက်ပွဲသာဖြစ်ခဲ့ပြီး အမုန်းတရားကို အခြေခံခြင်း မရှိပေ။ အရေးကြီးလျှင် သွေးစည်းသည် ဆိုသည့်အတိုင်း အင်းဝ-ဟံသာဝတီ စစ်ပြုချိန် တရုတ်တပ်သည် အင်းဝကို ထိပါးလာရာ တရုတ်သူရဲ ဂါမဏိနှင့် မွန်သူရဲကောင်း သမိန်ဗရမ်းတို့ စီးချင်းထိုးကြရာ တရုတ်သူရဲ ဂါမဏိ၏ ဦးခေါင်းကိုဖြတ်၍ ခြင်းတွင်ထည့်၍ မြို့တွင်းသို့ ဝင်လာရာ တရုတ်တို့က လူမဟုတ် နတ်ကဲ့သို့ ဖြစ်ပေသည်ဟု အံ့သြကြကုန်ပြီး ပြန်လေသည်။

**ဒုတိယမြန်မာနိုင်ငံတော်ကြီး**

ထိုသို့ ဟံသာဝတီနှင့် အင်းဝ အားပြိုင်နေကြစဉ် အင်းဝဘုရင်မင်းခေါင်ထံ ရခိုင်လက်အောက်ခံ ဒါးလက်စား အနန္တသိန်က ရခိုင်မင်းစောမွန်ကို တိုက်ခိုက်ပေးပါရန် စစ်ပန်လာသဖြင့် ချီတက်တိုက်ခိုက်ပြီး အနော်ရထာကို မြို့စားခန့်ထားသည်။ ထိုအခါ သံတွဲစားမင်းခရီအလီခင်က ဟံသာဝတီထံ စစ်ပန်သဖြင့် စစ်ချီရသည်။ ထိုသို့ဖြင့် ရခိုင်တို့၏ စစ်ပန်မှုကြောင့် ရခိုင်သည် ဟံသာဝတီ-အင်းဝတို့၏ စစ်အင်အား ပြိုင်ဆိုင်ရာနေရာ ဖြစ်လာခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်မှု ပြိုကွဲပါက ဖြစ်တတ်လေ့ရှိသည့် အခြင်းအရာပင်ဖြစ်သည်။ ထိုသို့သော ပြိုကွဲနေသည်ကို တောင်ငူခေတ် ဘုရင့်နောင်သည် နိုင်ငံတစ်ဝန်းလုံးကို ဆက်လက်စည်းရုံးသိမ်းသွင်းပြီး နိုင်ငံရေး၊ စစ်ရေး အင်အားကြီးမား တောင့်တင်းလာကာ ဒုတိယမြန်မာနိုင်ငံတော်ကြီး သို့မဟုတ် ပြိုင်ဘက်ကင်းသော ဧကရာဇ်နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့လေသည်။ ထိုသို့ စည်းရုံးသိမ်းသွင်းခြင်းမှာ နိုင်ငံရေးလိုအပ်ချက်အရ ပြုလုပ်ခြင်းသာဖြစ်ပြီး ကျွန်ပြုလိုသောသဘော မဟုတ်ချေ။ ခေတ်အဆက်ဆက် မင်းအစိုးရ ပြည်သူ ရဟန်း သံဃာ သုံးပွင့်ဆိုင်အနေအထားမျိုးတွင်လည်း တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းပေးရင်း နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကိုသာ ရှေးရှုခဲ့ကြသည်ကိုသာ တွေ့ရပြီး ကျွန်ပြုလိုသည့် အခြေအနေမျိုး မည်သည့်ခေတ်ကာလတွင်မှ မရှိခဲ့သည်ကို မြန်မာ့သမိုင်းကြောင်းကို ကြည့်ပါက သိသာထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

**“သဲများ၊ ကျောက်များ၊ ဘိလပ်မြေ အစရှိသည်တို့နှင့် ရောမွှေပါက ခဲသွားသောအခါ Solid အစိုင်အခဲတစ်ခုဖြစ်သွားသည်။ ထိုအစိုင်အခဲသည် မာကျောတောင့်တင်းသွားသည့်အတွက် ပွတ်တိုက်၊ ထုချေစေကာမူ တစည်းတလုံးတည်းဖြစ်နေသည့်အတွက် အလွယ်တကူ ပျက်စီးသွားခြင်း မရှိပေ။ သို့အတွက် Unity သည် ဖျက်ဆီးရလွယ်ပြီး Solid သည် ဖျက်ဆီးရမလွယ် ဖြစ်သည့်အတွက် ယနေ့ကာလတွင် ပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှုသည် Solid ဖြစ်နေရန် အရေးကြီးလှပေသည်။ သို့မှသာ အခြားသူများ လွယ်လင့်တကူ ဝင်ရောက်သွေးထိုး နှောင့်ယှက်ခြင်းမှ ကာကွယ်နိုင်ပေမည်”**

**တတိယမြန်မာနိုင်ငံတော်ကြီး**

ဘုရင့်နောင်မင်းတရားကြီး စုစည်းထားသော နိုင်ငံတော်သည် ယင်းကိုဆက်ခံသော မင်းလက်ထက်တွင် စည်းလုံးမှုမရှိသောကြောင့် နိုင်ငံတော် ထပ်မံပြိုကွဲသွားပြန်သည်။ ထိုသို့ ပြိုကွဲသွားသော အနေအထားကို မုဆိုးဘိုရွာမှ ဦးအောင်ဇေယျက ပြန်လည်စုစည်း၍ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပြီး ကုန်းဘောင်ဆက် စတင်ခဲ့သည်ကို တွေ့ရသည်။ ဤသည်မှာလည်း နိုင်ငံရေးလိုအပ်ချက်ကြောင့်ပင်။ ကျွန်ပြုလိုသည့်စိတ်ဓာတ်နှင့် နိုင်ငံတော်ကို သိမ်းသွင်းခဲ့ခြင်း မဟုတ်ချေ။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားအရေးများကို မြန်မာမင်းများက လျစ်လျူရှုထားခြင်း မရှိခဲ့ပေ။ ဥပမာအားဖြင့် ရခိုင်က စစ်ပန်သဖြင့် သွားရောက် ကူညီဖျန်ဖြေရှင်းပေးရသည့် သာဓကများလည်း ရှိခဲ့ပေသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်လက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ပထမစစ်ပွဲဖန်တီးပြီး မြန်မာနိုင်ငံ၏ ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို စတင် ထိပါးစော်ကားခြင်း ဖြစ်ပေသည်။ အင်္ဂလိပ်တို့သည် ပထမစစ်ပွဲနှင့်ပင် ရပ်မနေဘဲ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်၊ ၁၈၈၅ ခုနှစ်တွင် တတိယစစ်ပွဲတို့ကို ဆက်လက်ဖန်တီးပြီး မြန်မာတစ်နိုင်ငံလုံးကိုကိုလိုနီဘဝသို့ သွတ်သွင်းလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားခဲ့ရလေသည်။

အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားရပြီး သူ့ကျွန်ဘဝကို မနေလိုသည့် တိုင်းရင်းသားများ၏ ရင်တွင်းခံစားချက်ကို ဆီးဘန်နီဆရာတော်က-

“ကုန်းဘောင်နေမိး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏။” ဟူ၍ ကေပိုဒ်ရတုတွင် စပ်ဆိုခဲ့လေသည်။ ဤကေပိုဒ်ရတုကို ဖတ်ကြည့်ခံစားကြည့်ပါက အချုပ်အခြာအာဏာဆုံးရှုံးရခြင်းသည် မည်မျှ ကြေကွဲဝမ်းနည်းဖွယ်ကောင်းကာ အလွန်တရာခံပြင်းပြီး ယူကျုံးမရဖြစ်ခဲ့သည်ကို မြန်မာသမိုင်းတွင် အတိအလင်း မြင်နိုင်ပေသည်။

**ကြိုးပမ်းရသည်မှာ**

ထို့ပြင် လွတ်လပ်စဉ်က မသိသာသော်လည်း ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည်မှာ နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်တတ်ပေသည်။ အိမ်နီးချင်းနိုင်ငံကြီးတစ်ခုကမူ ဗြိတိသျှတို့၏လက်အောက်တွင် နှစ်ပေါင်း ၂၄၀ ကြာ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရဖူးလေသည်။ ထိုသို့ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည့်အခါတွင်မူ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးရသည်။ ရင်းနှီးရသည်။ အလွယ်တကူနှင့် ပြန်လည်ရနိုင်သည် မဟုတ်ပေ။

ထို့ကြောင့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု ရှိနေရန် အထူးအရေးကြီးလှပေသည်။ ကလေးဘဝက သင်ကြားခဲ့ရသော ဖခင်ဖြစ်သူက ထင်းချောင်းများကို တစ်ချောင်းချင်းအလိုက် သားများအား ချိုးစေခဲ့ရာ တစ်ခဏအတွင်း ကျိုးခဲ့သည်။ ထို့နောက် ဖခင်ဖြစ်သူက ထင်းစည်းများကို စုစည်း၍ သားများအား ချိုးစေရာ ထင်းစည်းကို ကျိုးအောင် မစွမ်းဆောင်နိုင်ခဲ့ကြချေ။ စည်းလုံးခြင်းသည် အင်အား (Unity is Strength) ဟူသည်ကို ဖခင်ဖြစ်သူက လက်တွေ့သင်ခန်းစာဖြင့် ပြသလိုက်ခြင်းဖြစ်သည်။ စည်းလုံးခြင်း၏ အရေးပါပုံကို မြန်မာစကားပုံများတွင်လည်း တွေ့ရှိနိုင်ပေသည်။ ဥပမာအားဖြင့် နွားကွဲလျှင် ကျားကိုက် ဟူသည်မျိုး ဖြစ်သည်။ မကြာမီက လူမှုကွန်ရက်တွင် စည်းလုံးခြင်းထက်ပို၍ အရေးပါလှသည်ကို နောက်ထပ်ဥပမာတစ်ခုဖြင့် ပြောသွားသည်မှာ လွန်စွာကောင်းလှပေသည်။ သဲများ၊ ကျောက်များ၊ ဘိလပ်မြေ အစရှိသည်တို့နှင့် ရောမွှေပါက ခဲသွားသောအခါ Solid အစိုင်အခဲတစ်ခု ဖြစ်သွားသည်။ ထိုအစိုင်အခဲသည် မာကျောတောင့်တင်းသွားသည့်အတွက် ပွတ်တိုက်၊ ထုချေစေကာမူ တစည်းတလုံးတည်းဖြစ်နေသည့်အတွက် အလွယ်တကူ ပျက်စီးသွားခြင်း မရှိပေ။ သို့အတွက် Unity သည် ဖျက်ဆီးရလွယ်ပြီး Solid သည် ဖျက်ဆီးရမလွယ် ဖြစ်သည့်အတွက် ယနေ့ကာလတွင် ပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှုသည် Solid ဖြစ်နေရန် အရေးကြီးလှပေသည်။ သို့မှသာ အခြားသူများ လွယ်လင့်တကူ ဝင်ရောက်သွေးထိုး နှောင့်ယှက်ခြင်းမှ ကာကွယ်နိုင်ပေမည်။

**ဆောင်ရွက်လျက်ရှိ**

ယနေ့ကာလတွင် အများပြည်သူ လိုလားတောင့်တသော မြန်မာ့သမိုင်းတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြည်သူများက ရွေးချယ်သော အရပ်သားစစ်စစ် အစိုးရတစ်ရပ် ပေါ်ထွန်းနေပြီဖြစ်သည်။ အစိုးရသစ်သည် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသော အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိနေပေသည်။ လူ့အသိုက်အဝန်းအတွင်း တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်သွားနိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း အရေးတကြီးဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများကို ဆောင်ရွက်လျက်ရှိနေပေသည်။

အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ မိမိတို့ ပြည်သူပြည်သားများကလည်း အတွေးအခေါ် အမူအကျင့် အစရှိသည်တို့ကို လိုက်ပါပြောင်းလဲရန် အထူးလိုအပ်လှပေသည်။ ထိုသို့ပြောင်းလဲရာတွင် အတွေးအခေါ်သည် အရေးပါသောကဏ္ဍမှ ရှိနေသည့်အတွက် ၁၈ ရာစုကကဲ့သို့ ပဒေသရာဇ် အတွေးအခေါ်မျိုးသာ ရှိနေပါက မည်သည့်နည်းဖြင့်မျှ အလုပ်ဖြစ်မည် မဟုတ်ချေ။ ယနေ့ကာလသည် Globalization ကာလ ICT ခေတ် ဖြစ်နေသည့်အတွက် အတွေးအခေါ်များသည် ခေတ်နှင့် လိုက်လျောညီထွေသော အတွေးအခေါ်မျိုး ပိုင်ဆိုင်ထားရမည်ဖြစ်သည်။ ထိုသို့ ခေတ်နှင့် အညီ အတွေးအခေါ်မျိုး ပိုင်ဆိုင်မှုမရှိဘဲ ပဒေသရာဇ် အတွေးအခေါ်မျိုးနှင့် ခေတ်နောက်ပြန်ဆွဲကာ နိုင်ငံတော် အထူးသဖြင့် မိမိဒေသ တိုးတက်ရာ တိုးတက်ကြောင်းကို စဉ်းစားတွေးခေါ်ခြင်း မရှိဘဲ အမုန်းတရား မှိုင်းများဖြင့် အစိုးရကို နှောင့်ယှက်ခြင်း၊ ကန့်လန့်တိုက်ခြင်း၊ မကောင်းပြောခြင်း၊ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်းများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြီးမားဆုံးသော အဟန့်အတားတစ်ခုပင် ဖြစ်သည်။

ယနေ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အထူး လိုလားတောင့်တနေချိန်ဖြစ်သည်။ ထိုသို့ လိုလားတောင့်တနေမှုအတိုင်း အစိုးရကလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပေသည်။ ပြောင်းလဲမှုကြီးကို စတင်နေပေပြီ။ အပြောင်းအလဲတိုင်းတွင် အချိန်ကာလတစ်ခုတော့ လိုအပ်မြဲဖြစ်သည်။ အခု ရေတွင်းတူး အခု ရေကြည်သောက်သကဲ့သို့ မဖြစ်နိုင်ဆိုသည်ကို အများက နားလည်ထားရှိပြီး ဖြစ်ပါသည်။ လက်ဖက်ကောင်း စားချင်လျှင် ပလောင် တောင်တက်နှေးသကဲ့သို့ပင်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရန် အတူလက်တွဲ ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းရင်း မြန်မာ့နိုင်ငံရေးဓလေ့လာ မြန်မာ့သမိုင်းကို ရေးသားတင်ပြအပ်ပါသည်။ ။

❀ ကျောဖုံးမှ

**ညီညွတ်မှုအခြေခံ ပင်လုံညီလာခံ** သီချင်းဖြင့် ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်မှ ပြည်ထောင်စုတိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၏ အကနှင့် အတူ ဖွင့်လှစ်ပေးကြသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့လာသော ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ဖတ်ကြားသည်။ ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် တက္ကသိုလ်အဆင့် (ကဗျာ၊ ဆောင်းပါး)ပြိုင်ပွဲနှင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် (စာစီစာကုံး)ပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် ခရိုင်ဂုဏ်ဆောင် စာပေ၊ အားကစား ထူးချွန်သူများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြသည်။

**ကပြဖျော်ဖြေ**

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ကျင်းပရာ တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအက အဖွဲ့များ၊ တက္ကသိုလ်များမှ တိုင်းရင်းသားအက အဖွဲ့များက တစ်ဖွဲ့ချင်း ကပြ ဖျော်ဖြေကြသည်။ ထို့နောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအား **ထာဝရမြန်မာသီချင်းဖြင့်** ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ၏ ရိုးရာယဉ်ကျေးမှုအကနှင့်အတူ အောင်မြင်စွာ ကျင်းပခဲ့သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံတို့က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အက အဖွဲ့များဖြင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။



ပင်လုံမြို့၌ ကျင်းပသော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကွန်ပျူတာတက္ကသိုလ်ပြခန်း၊ နည်းပညာတက္ကသိုလ်ပြခန်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လွိုင်လင်ခရိုင်ရုံး၏ ဓာတ်ပုံပြခန်း၊ နံရံကပ်စာစောင် ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးများ၊ လွိုင်လင်တပ်နယ်မှ တပ်နယ်မှူး၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆုရရှိသူများ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ NLD ဌာနချုပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

**ရှစ်စက္ကန့်ငြိမ်သက်**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသား ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ် အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

**သင်္ကေတမော်ကွန်းဖြစ်**

ထို့နောက် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားရာတွင် "ဒီကနေ့ဟာ လွတ်လပ်ရေး ဗိသုကာ၊ အမျိုးသားခေါင်းဆောင်၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးတို့ အမြင်ကျယ်ကျယ်၊ မိသားစုစိတ်ရှိရှိ အပြန်အလှန်လေးစားနားလည်းမှုအပြည့်နဲ့ ဆွေးနွေးညှိနှိုင်းပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချခဲ့တဲ့ သမိုင်းဝင်ပင်လုံစာချုပ် ချုပ်ဆိုခဲ့တဲ့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်၊ ပင်လုံစာချုပ်ဟာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ အဓိကကျတဲ့ ညီညွတ်မှုနဲ့ ယုံကြည်မှုရဲ့ သင်္ကေတမော်ကွန်း ဖြစ်ပါတယ်၊ အမျိုးသားသွေးစည်းညီညွတ်မှုမရှိရင် ပင်လုံစာချုပ် ပေါ်ပေါက်မလာနိုင်သလို၊ ပင်လုံစာချုပ်မရှိရင်လည်း လွတ်လပ်ရေး မရရှိနိုင်ပါဘူး"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ၂၀ ရာစု ပင်လုံညီလာခံဟာ လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုကို အခြေခံတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမှသည် အမျိုးသား လွတ်လပ်ရေးသို့ ဦးတည်ခဲ့ပါတယ်၊ ထို့အတူ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ၂၁ ရာစု ပင်လုံညီလာခံဟာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသို့ ဦးတည်ပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ အမျိုးသားရေးဝါဒနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို သဟဇာတဖြစ်စေပြီး ပင်လုံစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ကြသလို၊ တိုင်းရင်းသား မျိုးနွယ်စုများရဲ့သမိုင်းဆိုင်ရာ ပကတိအခြေအနေများကို ဆန္ဒစွဲ၊ လူမျိုးစွဲကင်းစွာ ဓမ္မဓိဋ္ဌာန် ကျကျသုံးသပ်၊ လက်တွေ့ကျကျတည်ဆောက်ကြဖို့ လိုပါတယ်၊ လူမျိုးကြီးဝါဒနဲ့ အမြင်ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကိုလည်း ဆန့်ကျင်ကြရပါမယ်။

**ဆက်လက်ချီတက်**

"ဒါ့ကြောင့် ကျွန်ုပ်တို့အားလုံးဟာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို အောင်မြင်သည်အထိ မဆုတ်မနစ်ကြိုးပမ်းအားထုတ်ကြရင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးသို့ အေးအတူ ပူအမျှထာဝရ မခွဲမခွာ၊ ညီညာသွေးစည်းမှုဖြင့် ဥမကွဲ သိုက်မပျက် ဆက်လက်ချီတက်ကြပါစို့" ဟု ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သည့် အချက်လေးချက်ပါသော ကြေညာချက်ကို ဗဟိုကော်မတီဝင်၊ ဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာ အောင်ရှင်က ဖတ်ကြားပြီး ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်အဖွဲ့များက ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ယနေ့အခမ်းအနားနှင့်ပတ်သက်၍ မုံရွာ အောင်ရှင်က "ဒီကနေ့ အခမ်းအနားဟာ အရင်တုန်းက လုပ်ခဲ့တဲ့ အခမ်းအနားတွေထက်ပိုပြီးတော့ ထူးခြားတယ်လို့ ပြောလို့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် မနက်ဖြန်မှာ NCA လက်မှတ်ထိုးမယ့် အဖွဲ့ဝင်အသစ်တွေ လက်မှတ်ထိုးတော့မှာ ဖြစ်တာကြောင့် ဒီကနေ့ ပြည်ထောင်စုနေ့ကို ကြိုဆိုတဲ့သဘောဖြစ်ပါတယ်၊ ဒါ့ကြောင့် ပိုပြီးတော့ ထူးခြားတယ်လို့ ပြောရခြင်းဖြစ်ပါတယ်၊ နောက်တစ်ခုက ဒီကနေ့ဆိုရင် လူငယ်တွေအများကြီး အခမ်းအနားကို တက်ရောက်လာတာ တွေ့ရတယ်၊ ဒါဟာ ပြည်ထောင်စုနေ့နဲ့ ပင်လုံစိတ်ဓာတ်ကို လူငယ်တွေ အားတက်လာစေတယ်၊ အားကျစေတယ်၊ ပြည်ထောင်စုသဘောထားတွေကို ပိုပြီးတော့ နားလည်လာတယ်ဆိုတာကို တွေ့ရပါတယ်" ဟု ပြောသည်။




**ဖိတ်ကြားထားသူများတက်ရောက်**

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၂**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ မြို့မိမြို့ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံအား အလေးပြု ကြကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပြည်နယ် ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့၌ ဌာနဆိုင်ရာများနှင့် မြို့နယ်များ၏ ပြခန်းများဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြခန်းများ ဆောက်လုပ်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက ပြခန်းများပြသရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်တို့က ပြခန်းများအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက် သုံးရက် ဘားအံမြို့အထင်ကရနေရာများတွင် အပန်းဖြေအနားယူ

ဘားအံ ဖေဖော်ဝါရီ ၁၂

**ကရင်ပြည်နယ် ဘားအံမြို့ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ စက်ရုံ အလုပ်ရုံဝန်ထမ်းများအဖို့ စိတ်လက်အပန်းဖြေနိုင်စေမည့် ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက်သုံးရက် တိုက်ဆိုင်ချိန် ဘားအံမြို့နယ်အတွင်း အထင်ကရနေရာများတွင် သွားရောက်လည်ပတ်မှုများအား ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့က တွေ့ရကြောင်း သိရသည်။**

ဘားအံမြို့နယ်အတွင်း ရပ်ဝေးရပ်နီးမှ ပြည်သူများ အနေဖြင့် ဂူဘုရားများတွင် ဘုရားဖူးအပန်းဖြေခြင်း၊ ရေပူစမ်းနှင့် စိမ့်စမ်းရေအိုင်များတွင် အပန်းဖြေ လာရောက်နိုင်သည့် ကော့ဂွန်းသဘာဝလိုဏ်ဂူတော်၊ ရသေ့ပျံသဘာဝလိုဏ်ဂူတော်၊ ဘုရင့်ညီသဘာဝလိုဏ်ဂူတော်နှင့် ရေပူစမ်း၊ ကော့ကသောင်သဘာဝလိုဏ်ဂူတော်၊ ဆဒ္ဒန်သဘာဝ လိုဏ်ဂူတော်၊ ဇွဲကပင်တောင်ဆံတော်ရှင်ဘုရား၊ လုဗ္ဗိနီဥယျာဉ်၊ ကြောင့်ကမ်လာဘ် (ကျောက်ကလာဘ်)ဘုရား၊ ရွှေယာဉ်မျှော်ဘုရား၊ ဝဲပျံသဘာဝလိုဏ်ဂူတော်၊ လင်းနို့ဂူ၊ ထောင်ဝိသဘာဝလိုဏ်ဂူတော်၊ ထမင်းဆုပ်တောင်၊ တောင်ဝိုင်းတောင်နှင့် ဘားအံမြို့ ကန်သာယာတို့ဖြစ်သည်။

အလားတူ ဘားအံမြို့နေ ပြည်သူများအနေဖြင့် ယခုလို ရာသီဥတုကောင်းမွန်ပြီး အားလပ်ရက်ဖြစ်သော ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက် သုံးရက်ဆက်တိုက် ပိတ်ရက်တွင် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ စက်ရုံအလုပ်ရုံ ဝန်ထမ်းများ အနေဖြင့် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ဇွဲကပင်တောင် နောက်ခံရှိသည့် ကန်သာယာကန်၏ အပျော်စီးဘဲလှေနှင့်ပန်းခြံ၊ ကလေးကစားကွင်းများတွင်လည်း မိသားစုလိုက် လာရောက်အပန်းဖြေနေကြလျက်ရှိရာ ဘားအံမြို့နယ် ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းက "တာဝန်တွေ အားလပ်ရက်လေးမှာ မိသားစုလိုက် အပန်းဖြေရင်း သားငယ်လေးကလည်း ကန်သာယာ ဘဲလှေစီးပြီး ညနေရောက်ရင် ကန်ပေါင်ပေါ်က ညဈေးတန်းမှာ မုန့်စားမယ် ပူဆာလို့ အားလပ်ချိန် လာရောက်ရခြင်းဖြစ်ပါတယ်၊ ညနေကြရင် ရွှေယာဉ်မျှော်ဘုရားသွားဖူးဦးမှာပါ"ဟု ပြောကြားသည်။ အဆိုပါ ကန်သာယာတွင် ပန်းခြံ၊ ရေကူးကန်နှင့် ကန်ထဲတွင် အပျော်စီးနိုင်သည့် လှေများရှိပြီး ဒေသခံပြည်သူများ တစ်နေ့တာ လုပ်ငန်းပင်ပန်းမှုကို အပန်းဖြေနိုင်စေရန် ဘဲလှေ၊ ငန်းရုပ်လှေ၊ ရှဉ့်ရုပ်လှေ၊ ရေသူမရုပ် လှေများ စီစဉ်ပေးထားသည်။



ဘားအံမြို့ သံလွင်မြစ်ကမ်းဘေးရှိ ရွှေယာဉ်မျှော်ဘုရားတွင် နေ့ပိုင်း၌ ရပ်ဝေးမှ ဘုရားဖူးအပန်းဖြေသူများရှိပြီး ညနေပိုင်း၌ မြို့ပေါ်ဒေသခံ အစိုးရရုံးဝန်ထမ်းများနှင့်မိသားစုဝင်များ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများ သွားရောက်ဘုရားဖူးလေ့ရှိသဖြင့် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ရွှေယာဉ်မျှော်ဘုရားတွင် အမိုးနန်းဖော်က "ဒီ အများပြည်သူ ရုံးပိတ်ရက် သုံးရက်မှာ ဘုရားလာဖူးတာပါ၊ သားသမီးထဲမှာ ဝန်ထမ်း နှစ်ယောက်ရှိတယ်၊ သူတို့ကတော့ ဘယ်မှ မသွားတော့ဘူးဆိုလို့ အိမ်စောင့်လည်း ရသလို အိမ်မှုကိစ္စ မီးပူတိုက်တာပေါ့၊ ဝိုင်းလုပ်ပေးဖော်ရလို့ အေးအေး ဆေးဆေး ဘုရာဖူး တရားထိုင်ဖို့ရောက်လာတာပါ"ဟု ပြောကြားသည်။

အလားတူ ဘားအံမြို့ရှိ စိမ့်စမ်းရေများရှိသည့် ကော့ကသောင်ဂူ၊ ရေတံခွန်နှင့် ရေပူစမ်းအိုင်ရှိသည့် ဘုရင့်ညီဂူ၊ ကြောင့်ကမ်လာဘ်ဘုရားများသို့လည်း သွားလာလည်ပတ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်**

## ပြည်ထောင်စုနေ့ဂုဏ်ပြုသောအားဖြင့် အာဟာရဒါနကျွေးမွေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အထက(၁)၌ ယနေ့နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။

ယနေ့တွင် လှိုင်သာယာမြို့နယ် အမှတ်-၇ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ စေတနာရှင်နှင့် NLD ပါတီတို့ ပူးပေါင်း၍ နံနက် ၇ နာရီမှစ၍ သီးစုံပဲဟင်း၊ ငါးခြောက်ထောင်းကြော်၊ ကြက်ဥဟင်းတို့ဖြင့် ရပ်ကွက်အတွင်းရှိ လူမျိုး၊ ဘာသာမရွေး ကျွေးမွေးခဲ့ရာ ကလေးသူငယ်အပါအဝင် ရပ်ကွက်နေ ပြည်သူ ၈၀၀ ကျော်အား အာဟာရကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲ နောင်မွန်မြို့၌ ကျင်းပ

**နောင်မွန် ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့လုံးမောင်ခန်းမ၌ ယနေ့ နံနက် ၇ နာရီခွဲက (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျမင်းက ဖတ်ကြားသည်။ အခမ်းအနားသို့ ဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလုပ်နားရတဲ့အချိန်လေးမှာ ခရီးထွက်ရတော့ ပျော်ပါတယ်၊ အတွေ့အကြုံအသစ်တွေ၊ နေရာအသစ်တွေကို ရောက်ပါတယ်

**မမို့မို့စမ်းအောင်**



ကိုအောင်ကိုမြတ်



မမို့မို့စမ်းအောင်



မသီဂီ



ကိုဇေယျာမောင်



ဆရာမ ဒေါ်အုန်းမြင့်(ငြိမ်း)




ကိုညဏ်လင်း

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ အားလပ်ရက်သုံးရက် ဆက်တိုက်ရသည့် ကာလဖြစ်ပြီး ယနေ့ဆိုလျှင် အားလပ်ရက်၏ နောက်ဆုံးနေ့ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ ဘုရားဖူးသွားခဲ့ရာမှ နေပြည်တော်ရှိ ဘုရားများနှင့် အပန်းဖြေနေရာများကို ဝင်ရောက် အနားယူ အပန်းဖြေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည်။

**ကိုအောင်ကိုမြတ်၊ မန္တလေးမြို့**

အလုပ်အားတဲ့အချိန် မိသားစုနဲ့အတူ လွတ်လွတ်လပ်လပ် ထွက်ရတော့ ပျော်စရာလည်း ကောင်းပါတယ်၊ တစ်နှစ်တာ အလုပ်တွေပဲ လုပ်နေရတာ ကုသိုလ်မလုပ်နိုင်ပါဘူး၊ အခုလို ခရီးထွက်ရတော့ ကုသိုလ်လည်း လုပ်လို့ရတယ်၊ ကျွန်တော်တို့မိသားစုက ကျိုက်ထီးရိုးစေတီဖူးပြီး ဘားအံကနေ နေပြည်တော်ကို လှည့်လာတာပါ၊ နေပြည်တော်မှာတော့ ဥပ္ပါတသန္တိကို အရင်ဆုံးဝင်ဖူးတာပါ၊ ဒီဘုရားပြီးရင်တော့ ဗုဒ္ဓဂယာကို သွားရောက်ဖူးမြော်မှာပါ။

**မမို့မို့စမ်းအောင်၊ မြဝတီဘဏ်**
**ရေးမြို့၊ မွန်ပြည်နယ်**

အခုလို အလုပ်နားရတဲ့ အချိန်လေးမှာ ခရီးထွက်ရတော့ ပျော်ပါတယ်၊ မရောက်ဖူးတဲ့ နေရာတွေ သွားရတယ်၊ အတွေ့အကြုံအသစ်တွေ၊ နေရာအသစ်တွေကို ရောက်ပါတယ်၊ ဘုရားဖူးရတယ်ဆိုတော့ ကုသိုလ်လည်းရတာပေါ့၊ ပုဂံ၊ ပုပ္ပါး၊ မန်းရွှေစက်တော်တို့ကို ရောက်ပြီးသွားပါပြီ၊ နေပြည်တော်မှာတော့ မဟာသကျရံသီ၊ ဗုဒ္ဓဂယာတို့ ဖူးပြီးပါပြီ၊ ဥပ္ပါတသန္တိဘုရားကို ဒုတိယအကြိမ်မြောက် လာဖူးဖြစ်တာပါ၊ တစ်နှစ်တစ်ခါတော့ ပိတ်ရက်တွေမှာ ဘုရားဖူးသွားဖြစ်ပါတယ်။

**မသီဂီ ၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး**

သားသားစာမေးပွဲဖြေရင်းနဲ့ မိသားစုတွေနဲ့အတူ နေပြည်တော်ကို အမှတ်တရလေး လာတာပါ၊ နှစ်တိုင်း ဒီအချိန်ဆို ဘုရားဖူးထွက်ဖြစ်ပါတယ်၊ ဒီဘုရားဖူးပြီးရင် ရေပန်းဥယျာဉ်၊ ဗုဒ္ဓဂယာ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နဲ့ လှေ့ခွင်းတောင်တို့ကို ဆက်သွားမှာပါ၊ ဒီနေ့နဲ့ဆို ဘုရားဖူးထွက်လာတာ လေးရက်ရှိ သွားပါပြီ၊ ဥပ္ပါတသန္တိဘုရားကိုတော့ အမြဲလိုလို ရောက်ဖြစ်၊ ဖူးမြော်ဖြစ်ပါတယ်။

**ကိုဇေယျာမောင်၊ ရန်ကုန်မြို့**

အခုလို ပိတ်ရက်မှာ ချစ်ရတဲ့သူနဲ့အတူ ခရီးသွားရတော့ ပျော်ပါတယ်၊ ဥပ္ပါတသန္တိဘုရားဖူးပြီးရင်တော့ ရေပန်းဥယျာဉ်ကို ဆက်သွားမှာပါ၊ မနက်ဖြန်လည်း ရုံးဖွင့်ပြီဆိုတော့ ပြန်တော့မှာပါ။

**ဆရာမ ဒေါ်အုန်းမြင့်(ငြိမ်း)၊ ပုသိမ်မြို့**

ပိတ်ရက်လေးမှာ ဘုရားဖူးသွားရတယ်ဆိုတော့ ပျော်တာပေါ့၊ ဘုရားဖူးတယ်ဆိုတာက ကိုယ့်အိမ်က ဘုရားကလည်း ဘုရားပါပဲ၊ ဒါပေမယ့် ဒေသန္တရ ဗဟုသုတအနေနဲ့ နယ်မြေအသစ်ကို သွားတာပါ၊ အသက်အရွယ်အားဖြင့် နယ်မြေဒေသအသစ်ကို ရောက်တဲ့အခါမှာ စိတ်လည်းပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်းဖြစ်တာပေါ့၊ အဲဒီ ရည်ရွယ်ချက်နဲ့ ထွက်လာတာပါ၊ ပျော်လည်း ပျော်ခဲ့ရပါတယ်၊ ပုသိမ်ကနေ စထွက်ပြီးတော့ မန်းရွှေစက်တော်၊ မင်းဘူး၊ နဂါးပွက်တောင်၊ မကွေးမြသလွန်၊ ပုဂံညောင်ဦးကနေ ဗုဒ္ဓဂယာဘုရားကို ရောက်ပါတယ်၊ နေပြည်တော်မှာ တူလေးရှိလို့ ဥပ္ပါတသန္တိဘုရားမှာ အတူလာဆုံကြ တာပါ၊ ဒီဘုရားကတော့ နောက်ဆုံး ဘုရားဖူးခရီးစဉ်ပါ။

**ကိုညဏ်လင်း၊ ခရေဝန်ထမ်းအိမ်ရာ ၊ နေပြည်တော်**

ပိတ်ရက်တွေမှာ ခရီးကတော့ ဝေးဝေးလံလံမသွားဖြစ်ပါဘူး၊ နီးနီးနားနားလေးပဲ သွားဖြစ်ပါတယ်၊ထွေထွေထူးထူးတော့ သိပ်မရှိပါဘူး၊ မိသားစုခဏအပန်းဖြေဖို့ Water City ကို လာတာပါ၊ ရေကစားပြီးရင်တော့ ဥပ္ပါတသန္တိ ဘုရားဖူးပြီးပြန်မှာပါ၊ အလုပ်က ဖိစီးတော့ ပိတ်ရက်လေးတွေမှာ နေပြည်တော်တစ်ဝိုက်တော့ သွားဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-အေးအေးသန့်**
**ဓာတ်ပုံ-ရွှေကိုလေး**

# ပြည်ထောင်စုနေ့ဂုဏ်ပြု မြန်မာ့လက်ရာပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁ ) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ မတူကွဲပြားပြီး မြတ်နိုးဖွယ်ရာကောင်းသော ယဉ်ကျေးမှု အနုလက်ရာများကို ပြည်တွင်းပြည်ပ ဧည့်သည်များ လေ့လာ တွေ့ရှိကာ ကမ္ဘာသို့ ပျံ့နှံ့သွားစေရန်နှင့် တိုင်းရင်းသားအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုကို ရရှိစေရန် စသော ရည်ရွယ်ချက်များနှင့်အတူ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကကြီးမှူး၍ မြန်မာ့လက်ရာ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်ရေကူးကန်အနီး စိမ်းလန်းစိုပြည်ဂါးဒင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပညာရှင်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။




မြန်မာ့လက်ရာ ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အခမ်းအနားတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

"ကျွန်တော်တို့နိုင်ငံဟာ ခေတ်စနစ်များစွာကို ဖြတ်သန်းခဲ့ရပါတယ်၊ ဒီကနေ့ကာလဟာ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေး တည်ဆောက်နေတဲ့ ကာလလည်းဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှ ဒီမိုကရေစီကို ဖော်ဆောင်ပြီး တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ပိုမိုဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်၊ ဒီလိုကြိုးပမ်းနေတဲ့ ကာလမှာ တိုင်းရင်းသားတွေရဲ့ အမွေအနှစ်တွေကို စုစည်းပြီးတော့ လက်ရာတွေကို ပြသနိုင်ခြင်းဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် အလွန်ကောင်းမွန်တဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်၊ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံဟာ တံခါးဖွင့်ဝါဒ ကျင့်သုံးနေတဲ့နိုင်ငံဖြစ်လို့ ယဉ်ကျေးမှုတွေလည်း ပွတ်တိုက်ထိတွေ့နိုင်ပါတယ်၊ ဒီအတွက် ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ဝိုင်းဝန်းထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့လက်ရာပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာ့လက်ရာပွဲတော်အား မင်္ဂလာမောင်းတီး၍ ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားတို့၏ ခင်းကျင်းပြသထားသော တိုင်းရင်းသားလက်ရာပြခန်းများကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် အမရပူရ ချည်ထည်နှင့် ပိုးထည် လွန်းရာကျော် ရက်ကန်း၊ အင်းလေးကြာထည်နှင့် ပိုးထည်၊ ကချင်ရိုးရာဂျပ်ခုတ်၊ ကယန်း - ပဒေါင်ရိုးရာဂျပ်ခုတ်၊ ချင်းရိုးရာဂျပ်ခုတ်၊ ရခိုင်ရိုးရာရွှေပန်းတိမ်၊ စစ်ကိုင်း-ရွာထောင်ငွေထည်၊ ကြေးထည်၊ မြန်မာ့ရိုးရာရွှေဆိုင်းလုပ်ငန်း၊ မြန်မာ့ယွန်း၊ ကယားရိုးရာ တောင်းရက်လုပ်ငန်း၊ မွန်ရိုးရာဆေးတံနှင့် ကျောက်သင်ပုန်း၊ ကချင်ရိုးရာ ဖိနပ်ချုပ်လုပ်ငန်းတို့ကို ပြသထားပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပြည်ထောင်စုနေ့ ဂုဏ်ပြု မြန်မာ- ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေး စုပေါင်းအမှိုက်ကောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ယနေ့ကျရောက်သော မြန်မာနိုင်ငံ၏ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာ- ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (SEDA)မှ ဦးဆောင်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီး ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့ နံနက် ၈ နာရီခွဲတွင် စတင်ဆောင်ရွက်သည်။

"ကျွန်တော်တို့ အသင်းအဖွဲ့အနေနဲ့ ပြည်ထောင်စုနေ့မှာ အခု လုပ်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ အဓိကပြည်သူတွေကို အမှိုက်ကောက်ပြမယ်၊ အမှိုက်ဆိုတာ ပြည်သူတွေအနေနဲ့ စည်းကမ်းမဲ့ မပစ်ရဘူးဆိုတာကို သိစေချင်တယ်၊ အဓိကပေးချင်တဲ့ အသိပေးမှုက ဒါပါ၊ အသင်းအဖွဲ့အနေနဲ့ အခုလို လူမှုရေးလုပ်ငန်းတွေအပြင် သစ်ပင်စိုက်တာတွေ၊ သွားကျန်းမာရေးလုပ်ငန်းတွေ၊ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးလုပ်ငန်းတွေလည်း အခါအားလျော်စွာ ပြည်သူလူထုအကြားကို လိုက်လံလုပ်ဆောင်ပေးပါတယ်"ဟု မြန်မာ- ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက ပြောသည်။

စုပေါင်းအမှိုက်ကောက်ပွဲတွင် ရန်ကုန်မြို့ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံလမ်း၌ စုရပ်အဖြစ် ထားရှိပြီး အုပ်စုလေးခုခွဲကာ စုပေါင်းသန့်ရှင်းအမှိုက်ကောက်ကြသည်။ အုပ်စု (A)အနေဖြင့် မဟာဗန္ဓုလပန်းခြံလမ်းမှ ဆူးလေဘုရားလမ်းအတိုင်း ဆာကူရာတာဝါအထိ၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ပန်းဆိုးတန်းလမ်းအတိုင်းကောက်လာပြီး စုရပ် မဟာဗန္ဓုလပန်းခြံလမ်းတွင် လည်းကောင်း၊ အုပ်စု (B) အနေဖြင့် စုရပ်မှ ဆူးလေဘုရားလမ်းအတိုင်းသွားကာ ဆူးလေရှန်ဂရီလာအထိလည်းကောင်း၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ရွှေဘုံသာလမ်းအတိုင်းလာပြီး မဟာဗန္ဓုလပန်းခြံလမ်းစုရပ်သို့ လည်းကောင်း၊ အုပ်စု(C) အနေဖြင့် ဆူးလေဘုရားလမ်းမှတစ်ဆင့် ကမ်းနားလမ်းမှ ရွှေဘုံသာလမ်းအတိုင်း အမှိုက်ကောက် သန့်ရှင်းလာပြီး စုရပ် မဟာဗန္ဓုလပန်းခြံလမ်း၌ လည်းကောင်း၊ အုပ်စု (D) အနေဖြင့် ဆူးလေဘုရားလမ်းတစ်လျှောက် ကမ်းနားလမ်းအထိ၊ ထိုမှတစ်ဆင့် ပန်းဆိုးတန်းလမ်းတစ်လျှောက်မှ စုရပ် မဟာဗန္ဓုလပန်းခြံလမ်းတွင် လည်းကောင်း အားလုံးပြန်လည်ပေါင်းဆုံကြမည်ဖြစ်သည်။

မြန်မာ- ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ပြီးခဲ့သော ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်စဉ်ဆေးရုံနှင့် ကျောင်းများတွင် ကျန်းမာရေးပိုင်းဆိုင်ရာများ၊ လူမှုရေးပိုင်းဆိုင်ရာများ၊ အမှိုက်နှင့် သက်ဆိုင်သော သန့်ရှင်းရေးပိုင်းဆိုင်ရာများကိုဘက်ပေါင်းစုံမှ အသိပညာများဖြန့်ဝေဆောင်ရွက်ပေးခဲ့သည်။ ယခုကဲ့သို့ အမှိုက်ကောက်လုပ်ငန်းကိုမူ ပြည်သူများ ပထမဆုံးအကြိမ် လုပ်ဆောင်ခြင်းဖြစ်ပြီး ရန်ကုန်မြို့ပေါ်ရှိ မြို့နယ်အနှံ့သို့ ယခုနှစ်အတွင်း အခါအားလျော်စွာ လိုက်လံလုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီအမှိုက်ကောက် Campaing ကို ဂျပန်ကနေလာရောက် ပူးပေါင်းပါဝင်တာပါ၊ ဂျပန်မှာလည်း အခုလို တစ်ခါမှ မလုပ်ဆောင်ခဲ့ဖူးပါဘူး၊ ဒါကြောင့် သူငယ်ချင်းတွေနဲ့ အခုလို လာရောက်ပါဝင်ဖြစ်ခဲ့တာပါ၊ ဒါပထမဆုံးပါပဲ၊ တကယ်တော့ အမှိုက်ကြောင့် လူတွေရဲ့ ကျန်းမာရေးဟာ သိသိသာသာ ထိခိုက်လာပါတယ်၊ ဒီမှာက လမ်းတွေပေါ်မှာ တော်တော်လေးအမှိုက်တွေ တွေ့ရတယ်၊ ဒါကြောင့် စိတ်ထဲမှာ ဘဝင်မကျဖြစ်တယ်၊ နောက်လည်း အခွင့်အရေးရလို့ ကြုံရင် လာရောက်ပါဝင်ချင်ပါသေးတယ်" ဟု ဂျပန်နိုင်ငံမှ လုပ်အားပေးအဖြစ် လာရောက်ပါဝင်သော ကျောင်းသူ ဖူမုယမာယူကိုဆိုင်း (ဆုမြတ်)က ပြောသည်။

ယနေ့ကျင်းပသော မြန်မာ- ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ရန်ကုန်မြို့တော် သန့်ရှင်းရေးနှင့် အမှိုက်ကင်းစင်ရေးတွင် မြန်မာ၊ ဂျပန် လူငယ်စုစုပေါင်း ၂၅၀ ပါဝင်ခဲ့ပြီး ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်များ အတွင်းရှိ လမ်းများတွင် ကောက်ယူရှင်းလင်းခဲ့သည်။ ယင်းအမှိုက်ကောက် ရှင်းလင်းရာတွင် ပထမဆုကို ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုကို ငွေကျပ် ၃၀၀၀၀ နှင့် တတိယဆုကို ငွေကျပ် ၂၀၀၀၀ သတ်မှတ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**




**ရန်ကုန်မြို့ သန့်ရှင်းသာယာရေးအတွက် လူငယ်များ စုပေါင်း အမှိုက်ကောက်ယူနေစဉ်။** ဓာတ်ပုံ- မင်းထက်

# ရောင်းသူရော ဝယ်သူပါ ကျေနပ်ပျော်ရွှင်ကြတဲ့ မန္တလေးမြို့ စာအုပ်ဈေးရောင်းပွဲတော်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသော စာအုပ် ဈေးရောင်းပွဲတော်ကြီးမှာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ စာပေဖြန့်ချိရေးဆိုင်များသာမက အခြားမြို့များမှ စာအုပ်အရောင်းဆိုင်များပါ စိတ်ဝင်တစား လာရောက်ရောင်းချကြသည့်အတွက် စာအုပ်အရောင်းဆိုင် စုစုပေါင်း ၇၈ ဆိုင်ရှိပြီး ရောင်းသူရော ဝယ်သူပါ အားရကျေနပ်မှုရှိကြောင်း ယခုလို ပြောကြားခဲ့ကြသည်။

"အခု သုံးရက်အတွင်းမှာ ရောင်းအားက တဖြည်းဖြည်း တက်လာတယ်၊ ကျွန်တော်တို့ဆိုင်က ကြိုက်တာယူ တစ်အုပ်ကို ငွေကျပ် ၅၀၀၊ ၁၀၀၀ ဈေးနဲ့ ရောင်းချတာဆိုတော့ ပထမ ရက်မှာ အုပ်ရေ ၂၀၀ ကျော်၊ ဒုတိယရက်နဲ့ တတိယရက်တွေမှာ တဖြည်းဖြည်း ရောင်းအားတက်လာတယ်၊ ရောင်းရငွေကတော့ ပထမရက်မှာ နှစ်သိန်းကနေ နောက်ရက်တွေ လေးသိန်းနဲ့ ခြောက်သိန်းအထိရောင်းရပါတယ်၊ မန္တလေးမှာ လာရောင်းတာ လေးကြိမ်ရှိပါပြီ၊ စာဖတ်ပရိသတ် အလွန်များပြီး စာပေချစ်မြတ်နိုးတဲ့သူတွေများလို့ မန္တလေးကို လာရောက်ရောင်းချဖို့ ရန်ကုန်က ဆိုင်တွေအားလုံး တက်ကြွနေကြပြီး ရောင်းသူအားလုံးလည်း ရောင်းအားအပေါ် ကျေနပ်ပျော်ရွှင်နေကြပါတယ်" ဟု ရန်ကုန်မြို့ ရွှေမြန်မာစာပေမှ ကိုထက်စိုးက ပြောသည်။



အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် မြန်မာစာပေကို အနှစ်လေးဆယ်ကျော် အစဉ်တစိုက် လေ့လာနေပြီး ဆရာကြီး သိန်းဖေမြင့်နှင့် ဆရာကြီး မြသန်းတင့်တို့၏ စာအုပ်များကို ဂျပန်နိုင်ငံ၌ ဘာသာပြန် ရေးသားထုတ်ဝေနေသည့် ဂျပန်နိုင်ငံသူ မြန်မာစာ ပါမောက္ခတစ်ဦးဖြစ်သူ စာရေးဆရာမကြီး မပန်းခက်ကလည်း "အခု ဒီစာအုပ်ဈေးရောင်းပွဲတော်ကို လာခဲ့ရတာက လူငယ်တွေ စာသိပ်မဖတ်ကြတော့ဘူး၊ စာကြည့်တိုက်လုပ်ငန်းတွေလည်း မထွန်းကားဘူးလို့ ကြားနေရတဲ့အတွက် လာပြီး လေ့လာကြည့်တာပါ၊ အခု လေ့လာမိသလောက်တော့ စာဖတ်ပရိသတ်တွေ ရှိတယ်ဆိုတာကို ဒီစာအုပ်တန်းကြီးမှာ စည်ကားနေတာက သက်သေပြနေတဲ့အတွက် ကျေနပ်အားရ ဝမ်းသာမိပါတယ်"ဟု ပြောကြားသည်။

မန္တလေးမြို့ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်း ပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာ ဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသရောင်းချသည့် ဆိုင်ခန်းပေါင်း ၃၁ ဆိုင်ကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုနေ့ မြင်ကွင်းပုံရိပ်များ

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများကို အမြို့မြို့အနယ်နယ်၌ စည်ကားစွာ ကျင်းပခဲ့ရာ ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ဈေးဖွင့်ပွဲများ ပြုလုပ်ခြင်းတို့အပြင် ရုံးပိတ်ရက်ကာလအတွင်း အပန်းဖြေလေ့လာခြင်း ပြုလုပ်ကြသည့်မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖတ်ကြားစဉ်။ ဝင်းနိုင်(ကချင်မြေ)



ပြည်ထောင်စုနေ့အခမ်းအနားကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မောင်တောမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ အခမ်းအနား တက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုစဉ်။ ဓာတ်ပုံ-ရာမည



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက ဖတ်ကြားစဉ်။ ခရိုင် (ပြန်/ဆက်)




(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် အခမ်းအနား တက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုစဉ်။ မြို့နယ်(ပြန်/ဆက်)





(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယားကန်သာတွင် ပြုလုပ်ရာ လွန်ဆွဲပြိုင်ပွဲယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ပြည်နယ် (ပြန်/ဆက်)



ဖေဖော်ဝါရီ ၁၂ ရက်က ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၏ အထင်ကရ နေရာတစ်ခုဖြစ်သော ဘွယ်ဟီခို-နော်ဘူဘော ဆုတောင်းပြည့်တောင်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)




(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်း ဒေသကြီး အောင်လံမြို့တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်-၂ ဈေးကို ဖွင့်လှစ်ပေးခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ရစဉ်။ သိန်းလွင်(အောင်လံ)



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လှည်းတော်ကိုယ်စားလှယ်များဖလား နွားလှည်းအကြော့မောင်းပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ ကျင်းပရာ ဆုရရှိသူအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ သက်နောင်ဦး(ငါန်းဇွန်)

# အရည်အချင်းရှိတဲ့ လူငယ်ခေါင်းဆောင်တွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပိုမိုဆောင်ရွက်နိုင်ဖို့ လမ်းပြပေးနိုင်ခဲ့

**ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေး သံတမန်ညှိနှိုင်းရေးမှူးများ သင်တန်းဖွင့်ပွဲနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် သင်တန်းသားများအား တွေ့ဆုံမေးမြန်းထားသည် -**

**တွေ့ဆုံမေးမြန်း - ဦးလတ် (ကင်းထောက်ကြီး)**

**ဒေါက်တာတင်ညို(ကင်းထောက်ချုပ်)**
**မြန်မာနိုင်ငံကင်းထောက်အဖွဲ့**

ကင်းထောက်ဟာ လူ့အဖွဲ့အစည်းအားလုံးအတွက် မရှိမဖြစ်လိုအပ်တဲ့ လူမှုအဖွဲ့အစည်းပါ။ သူတစ်ပါးကို မိမိအသိပညာ ကျွမ်းကျင်မှုကို အခြေခံပြီး ကူညီပေးဖို့ အသင့်ရှိပါမယ်ဆိုတဲ့ ကင်းထောက်ကတိဟာ လူသားအားလုံး တောင့်တနေတဲ့ ငြိမ်းချမ်းရေးအပါအဝင် ဘဝလိုအပ်ချက်တွေအတွက် အခြေခံလိုအပ်တဲ့ ကတိကဝတ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်ခဲ့တဲ့ ဒီကောင်းမွေမျိုးကို ယခုအချိန်အခါမှာ ပြန်လည်ဖော်ထုတ်ပြီး လူငယ်တွေကို လေ့ကျင့်ပေးနေတာ ဖြစ်ပါတယ်။ ဒါ့မှသာ ကမ္ဘာ့နိုင်ငံပေါင်း အုပ်ချုပ်ရေးနယ်ပယ်ပေါင်း ဖြစ်လာပါတယ်။ အခု ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှပစိဖိတ်ဒေသမှ ကင်းထောက်နည်းပြဆရာတွေက လာရောက်လေ့ကျင့်သင်ကြားပေးခွင့်ရတဲ့အတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ သင်တန်းနည်းပြတွေရဲ့ လေ့ကျင့်သင်ကြားပို့ချမှုတွေကိုလည်း တလေးတစား လိုက်နာလေ့ကျင့်သင်ယူတာကို တွေ့ရှိရပြီး သင်ကြားခဲ့တာတွေကို မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ တိုင်းပြည်များမှ လူသားကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နဲ့ အာရှ ဆောင်ရည်မြှင့်တင်ရေးအတွက်ပဲလို့ ထင်ခဲ့တယ်။ အခု ဒီသင်တန်းမှာ နိုင်ငံ့အကျိုးပြုမယ့် ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်ရမယ်ဆိုတာတွေ သိရှိလာပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းကို လူတိုင်းပါဝင်ဆောင်ရွက်သင့်ပြီး မိမိတို့ကင်းထောက်အဖွဲ့ဝင်တွေကလည်း ပြည်သူတွေကို အခု သင်ကြားပေးတဲ့ နိုင်ငံတကာအဆင့်မီပညာရပ်တွေနဲ့ ပါဝင်ကူညီဆောင်ရွက်ပေးကြမှာ ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံကို လာရောက်ပြီး MoP လုပ်ငန်းဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့ မြန်မာကင်းထောက်များအနေဖြင့် ဝမ်းသာကြိုဆိုပါတယ်။

ပြည့်ဝတဲ့ လူငယ်လေးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးပြီး နိုင်ငံတော်အတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေရဲ့ ရင်ထဲမှာ အမုန်းတွေ၊ အငြိုးတွေ၊ အတ္တတွေ၊ သက်ာမကင်းမှု၊ အာဃာတတွေ စွဲမသွားအောင် အသိပညာတွေရရှိလို့ များစွာအကျိုးရှိပါတယ်။ သံသယစိတ်တွေကင်းပြီး နိုင်ငံသားကောင်းအားလုံး ရင်ထဲငြိမ်းချမ်းနေမှ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ဓလေ့၊ စရိုက်၊ ရိုးရာယဉ်ကျေးမှုတွေကို လက်ခံကြပြီး စာနာမှု၊ နားလည်မှု၊ ကူညီပေးမှု၊ အပြန်အလှန်လေးစားမှုတွေနဲ့အတူ ငြိမ်းချမ်းရေး စတင်တည်ဆောက်နိုင်ကြမယ်။ နိုင်ငံတော်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး စတင်တည်ဆောက်နိုင်ကြပါမယ်။ နိုင်ငံတော်ရဲ့


Mr.Paul Parkinson


ဒေါက်တာတင်ညို



ဒေါ်သန္တာ



ဦးလုမ်သန်းစံ



ဦးမောင်ပုချေ


ဒေါ်သစ်သစ်ဦး

၂၀၀ မှာရှိတဲ့ ကင်းထောက်သန်း ၄၀ ကျော်နဲ့ လက်တွဲပြီး ပိုမိုသာယာကောင်းမွန်တဲ့ ကမ္ဘာကြီးတည်ဆောက်ရေးမှာ နောက်ကျမကျန်ရစ်မှာပါ။ အမှန်ကတော့ ကင်းထောက် အဖွဲ့အစည်းမရှိဘဲ ကုန်လွန်ခဲ့တဲ့ကာလတွေကို နှမြောမိပါတယ်။ ဒီလိုမဖြစ်ခဲ့ရင် လူငယ်သာမက လူလတ်ပိုင်းမှာ ရှိနေသူတွေရဲ့ အနေအထား ဒီထက်ကောင်းမွန်နေမယ်ဆိုတာ လေးလေးနက်နက် ယုံကြည်ပါတယ်။ အခုလည်း နောက်မကျသေးပါဘူး။ နိုင်ငံတော်ကို တည်ဆောက်သလို အားလုံးဝိုင်းဝန်းပြီး ကင်းထောက်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲညီညီဆောင်ရွက်ကြပါလို့ လူငယ် လူရွယ်တွေ အမွေကောင်းခံယူနိုင်ပါစေလို့ တိုက်တွန်းဆန္ဒပြုပါတယ်။

**Mr.Paul Parkinson (ဉက္ကဋ္ဌ)**
**အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ**

လွန်ခဲ့တဲ့ နှစ်များစွာ ရပ်နားခဲ့ရတဲ့ မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းကို ၂၀၁၂ ခုနှစ်က စတင်ပြီး ပြန်လည်ဆောင်ရွက်ခဲ့တာမှာ မြန်မာနိုင်ငံအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ ကင်းထောက်ကော်မတီဝင်များ၊ ကင်းထောက်လူငယ်မောင်မယ်များ ကြိုးပမ်းမှုကြောင့် အချိန်တိုအတွင်းမှာ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့မှ အစွမ်းကုန် ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အရပ်ဘက်လူ့အဖွဲ့အစည်း)**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**

YMCA အသင်းသားတစ်ယောက်အနေနဲ့ MoP သင်တန်းတက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ MoP ကွန်ရက်ကို ဆက်လက်ဖြန့်ဝေဖို့အတွက် ကယားပြည်နယ်မှာ YMCA အသင်းနဲ့ အခြားသော NGO, INGO, ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလူငယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ ကင်းထောက်သင်တန်းတွေဆက်လက်ဖွင့်ပေးဖို့ လိုအပ်ပါတယ်။ YMCA အသင်းအနေနဲ့လည်း MoP ကွန်ရက်ဖြန့်ဝေရာမှာ ကင်းထောက်အဖွဲ့ရဲ့ လိုအပ်ချက်တွေကို ကူညီဆောင်ရွက်ပေးသွားပါမယ်။

**ဦးလုမ်သန်းစံ(ကင်းထောက်ဆရာ)**
**ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့**

အစက ဒီသင်တန်းမှာ ကင်းထောက်လုပ်ငန်း စွမ်း

ကျွန်တော်တို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဦးစီးဆောင်ရွက်နေတဲ့ အချိန်အခါမှာ ကျွန်တော်တို့ မြန်မာပြည် ငြိမ်းချမ်းရေးအတွက် ဒီသင်တန်းကရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ နည်းလမ်းတွေနဲ့ ကျွန်တော်တို့ဒေသ ပြန်ရောက်တဲ့အခါ တတ်နိုင်သလောက် ဆောင်ရွက်သွားပါမယ်လို့ ကတိပြုရင်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အမြန်ဆုံးရရှိပါစေလို့ ဆုတောင်းပါတယ်။

**ဦးမောင်ပုချေ (ကင်းထောက်ဆရာ)၊အထက်တန်းပြ(ကာယ)**
**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့**

Myanmar MoP Local Coordinators Training သင်တန်းကို တက်ရောက်ခွင့်ရတဲ့အတွက် အထူးဝမ်းသာမိပါတယ်။ ငြိမ်းချမ်းရေးဟာလူသားအားလုံးအတွက် အရေးကြီးလှပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပြုလုပ်ရရှိဖို့အတွက် နိုင်ငံသားကောင်းတွေရဲ့ အခန်းကဏ္ဍဟာ အများကြီးအကျုံးဝင်ပါတယ်။ နိုင်ငံတော်အတွက် အားထားရမယ့် အနာဂတ်မျိုးဆက်သစ်တွေကို အသိဉာဏ်ဖွံ့ဖြိုးမှုကအစပြုပြီး ဗလငါးတန် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကင်းထောက်တွေနဲ့ ပြည်သူတွေ ပူးပေါင်းပြီး အောင်မြင်စွာ ပါဝင်လုပ်ဆောင်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**ဒေါ်သစ်သစ်ဦး(ကင်းထောက်ကြီး)**
**ရန်ကုန်မြို့**

ငြိမ်းချမ်းရေး နိုင်ငံတွင်းသံတမန် ညှိနှိုင်းရေးမှူး သင်တန်းကနေ မတူညီတဲ့ ရှုထောင့်အမျိုးမျိုးမှ ငြိမ်းချမ်းရေးအပေါ်ထားရှိပုံတွေကို သိရှိရပြီး ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံမှ လုပ်ငန်းဆောင်ရွက်နေမှုတွေကို နိုင်ငံတကာက သိရှိလာအောင် ကွန်ရက်ချိတ်ဆက်ဖော်ပြနိုင်တဲ့ နည်းလမ်းတွေကိုလည်း သင်ယူရရှိခဲ့ပါတယ်။ သင်တန်းသား သင်တန်းသူတွေဟာ အိမ်အပြန်မှာ သင်တန်းက ငြိမ်းချမ်းခြင်းအတွက် သင်ကြားပို့ချပေးတဲ့ စာတွေ့လက်တွေ့ သင်ခန်းစာတွေကို သယ်ဆောင်သွားပြီး တိုင်းရင်းသားပြည်သူတွေနဲ့အတူ မြန်မာပြည်အနှံ့ ဖြန့်ဝေကြမယ်လို့ မျှော်လင့်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မန္တလေးမြို့၌ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ နိုင်ငံတကာအဆင့်မြင့်အားကစားကွင်း၌ ဥပစာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများ၊ ကျောင်း သား ကျောင်းသူများ၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု စုစုပေါင်း ၃၄၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းဖြင့် တီးမှုတ်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဇလပ်ဝါဘီစကစ်မိသားစုနှင့် စေတနာရှင်၊ အလှူရှင်များ၏ စတုဒိသာညှော်ခံကျွေးမွေးနေမှုများကို လည်းကောင်း၊ ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ တိုင်းရင်းသားများ၏ ဒေသထွက် ရိုးရာအထည်အရောင်းပြခန်းများကို လည်းကောင်း အားပေးကြည့်ရှုပြီး ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ဆုံနှုတ်ဆက်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာ ကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး- GDP
(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
သတင်းအချက်အလက်ယူနစ်။ ဗဟိုစာရင်းအင်းအဖွဲ့

# မြန်မာနိုင်ငံ အငြိမ်းစားဥပဒေအရာရှိများ ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ အငြိမ်းစားဥပဒေအရာရှိများ အသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်း(၂)လမ်း ရှေ့နေချုပ်ရုံး ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ရှေ့နေချုပ်(ငြိမ်း)များ ဖြစ်ကြသော ပါမောက္ခ ဦးလှအောင်၊ ဦးအေးမောင်၊ ဥပဒေ အတိုင်ပင်ခံဝန်ကြီး(ငြိမ်း) ဦးသောင်းညွန့်၊ ဒုရှေ့နေချုပ်(ငြိမ်း) ဦးခင်မောင်အေးနှင့် အငြိမ်းစားဥပဒေ အရာရှိများ တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ကိုကိုနေ**



# GPS တပ်ဆင်ထားသော ဆိုင်ကယ်ကို ခိုးယူသူများအား ခိုးရာပါအခြားဆိုင်ကယ် ၁၂ စီးနှင့်အတူ ဖမ်းဆီးရမိ

**ရွှေဘို ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဆိုင်ကယ်ခိုးယူသူများအား GPS အကူအညီဖြင့် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဆိုင်ကယ် ၁၂ စီး သိမ်းဆည်းရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်မောင်က ပြောသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၄ နာရီက ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက်နေ မေတ္တာရှင်အဆောင်ပိုင်ရှင်ဖြစ်သူ ဦးမြင့်နွယ်၏ အဆောင်မှ FZ ဆိုင်ကယ်နှင့် GPS တပ်ဆင်ထားသော Click ဆိုင်ကယ် ခိုးယူခြင်းခံရ၍ တိုင်တန်းသောအမှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ Click ဆိုင်ကယ်တွင် တပ်ဆင်ထားသော GPS ၏ အကူအညီဖြင့် တန့်ဆည်မြို့ဘက်သို့ ထွက်ခွာသွားကြောင်း သိရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျော်မျိုးဦး (၂၂ နှစ်) မေတ္တာမြိုင်ရပ်ကွက် တန့်ဆည်မြို့နေသူနှင့် ရာသော် (၂၀ နှစ်) ကြွက်ကျွန်းကျေးရွာ ဟသ်ာတမြို့နယ်နေသူနှင့် ၎င်းတို့ခိုးယူလာသော ဆိုင်ကယ်အား လက်ခံသူ သန်းမင်း(၄၁ နှစ်) ချောင်းဆုံကျေးရွာ တန့်ဆည်မြို့နေသူတို့ သုံးဦးအား ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ကျော်ကျော်(ခ)ကျော်ကြီး (၂၄ နှစ်) မီးခွက်ဈေးရပ် လှိုင်သာယာမြို့နေသူ နှင့် စိုးဇော်ထွန်း (ခ) အရှည်ကြီး (၃၅ နှစ်) အမှတ် ၁ ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူတို့ နှစ်ဦးအား ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက် မြတောင်ရပ်၌ မန္တလေးမြို့မှ ခိုးယူလာသော CZI ဆိုင်ကယ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်မောင် ဦးဆောင်ကာ အမှုစစ်အဖွဲ့များခွဲ၍ စစ်ဆေးခဲ့ရာ စုစုပေါင်း ဆိုင်ကယ် ၁၂ စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)** အဆိုပါ ဆိုင်ကယ် ၁၂ စီးမှာ FZ နှစ်စီး၊ Click သုံးစီး၊ Scoopyi ခြောက်စီးနှင့် CZI တစ်စီးတို့ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ခိုးယူသူ ငါးဦးအား ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့မရဲစခန်းမှ သိရသည်။



**သတင်းနှင့်ဓာတ်ပုံ မိုးသောက်(ရွှေဘို)**

# သင်္ဘောကျင်းလုပ်ငန်းတွင် ဝရိန်ဆော်ရာမှပေါက်ကွဲမှုဖြစ်၊ တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လှိုင်သာယာမြို့နယ်ရှိ သင်္ဘောကျင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က လွှန်းတင်ထားသည့်တည်ဆောက်ဆဲ ကုန်တင်သင်္ဘောတွင် ဝရိန်ဆော်ရာမှ မီးပွားများ ပွင့်ထွက်၍ တာပင်တိုင်ဒြပ်နှော့အား ထိတွေ့ကူးစက်ပြီး ပေါက်ကွဲမှုဖြစ်ပွားကာ အမျိုးသားတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

လှိုင်သာယာမြို့နယ် အမှတ် ၂ ရပ်ကွက် စက်မှုဇုန်အပိုင်း ၇၊ ဆိပ်ကမ်းသာလမ်းအမှတ် ၁၂၂ ရှိ ဦးမျိုးဝေ ပိုင်ဆိုင်သည့် Family Win သင်္ဘောကျင်းတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီခန့်က လွှန်းတင်ထားသည့် အလျား ပေ ၂၀၀၊ အနံ ပေ ၅၀ ရှိ အမ်ဗွီ အမာရာ-၇ တည်ဆောက်ဆဲ ကုန်တင်သင်္ဘောပေါ်တွင် သင်္ဘောကျင်းလုပ်သား ကိုလွင်ကိုကိုမောင် (၂၀ နှစ်)က ဝရိန်ဆော်စဉ် မီးပွားများလွင့်ကာ တက်မခန်းအတွင်း လွှန်ခဲ့သည့် နှစ်ရက်ခန့်က ဆေးသုတ်ထားသဖြင့် စိမ့်ဝင်နေသည့် တာပင်တိုင်ဒြပ်နှော့များနှင့် ထိတွေ့ကာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါပေါက်ကွဲမှုကြောင့် အခန်းအတွင်း ကာရံထားသည့် ငါးမီလီမီတာ အထူရှိသံပြား ၁၀ ချပ်မှာ တွန့်လိမ်ကွဲကြေပြီး ကိုလွင်ကိုကိုမောင် (၂၀ နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးသွားသည်။

ကျန်သင်္ဘောလုပ်သားများ ဖြစ်သည့် ကိုမျိုးကျော်သူထွန်း (၄၅ နှစ်)နှင့် ကိုအောင်ပြည့်ဟိန်း (၁၆နှစ်)တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိကာ ကိုမင်းထက် ( ၂၁နှစ် )၊ ကိုအောင်ဇေယျာဝင်း (၁၆ နှစ် )နှင့် ကိုကျော်ကျော် (၂၀ နှစ်) တို့တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိသဖြင့် လှိုင်သာယာ၊ အင်းစိန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

# လုပ်သေနတ်ကိုင်ဆောင်၍ တရားမဝင် သစ်စက်တည်ထောင်နေသူအား အမှုဖွင့်

**ဇန်းမောက် ဖေဖော်ဝါရီ ၁၂**

ဇန်းမောက်မြို့နယ် ကြောင်လည်ဘိနယ် နန့်လန်မွန်ချောင်းအနီးတွင် လုပ်သေနတ်ကိုင်ဆောင်၍ တရားမဝင် သစ်ထုတ်လုပ်နေသူကို ဖေါ်ဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက သွားရောက်ဖမ်းဆီးရာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် ကြောင်လည်ဘိနယ် နန့်လန်မွန်ချောင်း အနီးတွင် တရားမဝင်သစ်စက်တည်၍ ထုတ်ယူဖြန့်ချိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါနေရာကို ရှာဖွေရာ တဲအနီး၌ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ခု၊ သစ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လုပ်သေနတ် တူမီးနှစ်လက်၊ ကျွန်းသစ်လုံးနှင့် သစ်ခွဲသား ၇ ဒသမ ၁၅၇၆ တန်အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က ကသာမြို့နယ် ရွှေလီမြစ်နှင့် ဧရာဝတီမြစ်ပေါင်းဆုံမြစ်အတွင်း ဝါးများဖုံးအုပ်ထားသော ကျွန်းခွဲသား ၃ ဒသမ ၇၁၄၈ တန် သိမ်းဆည်းရမိခဲ့သဖြင့် သစ်ပိုင်ရှင်များ ဖမ်းဆီးနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးတင်ထွဏ်းက ပြောသည်။

**ငွေအိုး(ကသာ)**

# ရွှေဆိုင်မှ ရွှေ ၇၉ ကျပ်သား ခိုးယူသွားသော အမျိုးသမီးသုံးဦးအား အမှုဖွင့်

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၂**

ဆိပ်ဖြူမြို့ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေထည်များအား ပြခိုင်းပြီး ၇၉ ကျပ်သားခန့်ရှိ ရွှေထည်ပစ္စည်းများ ခိုးယူသွားသော အမျိုးသမီးသုံးဦးအား ဖေဖော်ဝါရီ ၁၁ ရက်က အမှုဖွင့်ခဲ့ကြောင်း ဆိပ်ဖြူမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူမြို့ရွာသစ်ရပ်ကွက်နေ ဒေါ်လေးလေးမွန်(၃၄ နှစ်)သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီက ပတ္တမြားဈေးအတွင်းရှိ ရွှေဆိုင်အား ဖွင့်လှစ်ရောင်းချနေစဉ် နံနက် ၈ နာရီခန့်တွင် အမျိုးသမီးနှစ်ဦးရောက်ရှိလာပြီး ရွှေဆွဲသီးပြပေးရန် ပြောဆိုသဖြင့် ပြသပေးနေစဉ် အမျိုးသမီးတစ်ဦး ထပ်မံရောက်ရှိလာပြီး နားဆွဲပြသပေးရန် ပြောဆိုသဖြင့် ပြသပေးခဲ့ပြီးနောက် အဆိုပါအမျိုးသမီးမှာ ရွှေဆိုင်အတွင်းမှ ထွက်သွားခဲ့ကြောင်း။

ထို့နောက် ကျန်ရှိသည့် အမျိုးသမီးနှစ်ဦးကလည်း ဈေးမတတ်နိုင်ကြောင်းပြောဆိုပြီး ရွှေဆိုင်အတွင်းမှ ပြန်လည်ထွက်သွားခဲ့ပြီးနောက် ဗီရိုရှိုးကေ့အတွင်းမှ ကာလတန်ဖိုး ငွေကျပ် ၇၀၈ သိန်းခန့်ရှိ ရွှေဆွဲကြိုး ၁၈၉ ကုံးခန့် (အလေးချိန် ၇၉ ကျပ်သားခန့်) ထည့်ထားသော ပလတ်စတစ်ဘူးမှာ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေထည်ပစ္စည်းများအား ခိုးယူသွားသော အမည်မသိ အမျိုးသမီးသုံးဦးအား အရေးယူပေးရန် ဒေါ်လေးလေးမွန်က တရားလိုပြုတိုင်ကြားခဲ့၍ ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**ကျော်ဇေယျ**

# အမျိုးသမီးတစ်ဦးအား အလုပ်ရမည်ဟုပြောဆိုကာ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သူအား အမှုဖွင့်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

အမျိုးသမီးတစ်ဦးအား တရုတ်အမျိုးသားတစ်ဦးထံသို့ အခမ္မလက်ထပ်ပေးရန် တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သည့် ဒေါ်ခင်ခင်လှကို ဖေဖော်ဝါရီ ၁၁ ရက်က ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ရဲကင်းစခန်းမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ကုက္ကိုကုန်းရွာသို့ ဇန်နဝါရီ ၂၄ ရက်က ရခိုင်ပြည်နယ် အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက်နေ မခင်ခင်လှ ရောက်ရှိလာပြီး ကုက္ကိုကုန်းရွာနေ ဒေါ်..... နှင့် သမီးဖြင့်သူ မ...တို့ နှစ်ဦးအား ရခိုင်ပြည်နယ် အမ်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် တစ်လလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် တစ်နှစ်စာအတွက် ငွေကျပ် ၁၂ သိန်းအား ကြိုတင်ငွေအဖြစ် ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့ကြောင်း၊ ထို့နောက် မ.....(၂၀ နှစ်)အား ရခိုင်ပြည်နယ် အမ်းမြို့သို့ မခေါ်ဆောင်ဘဲ တရုတ်နိုင်ငံရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ အခမ္မလက်ထပ်ပေးရန် ရောင်းစားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ခင်ခင်လှအား လက်ပံခြေပေါ် ရဲကင်းစခန်းက အမှုဖွင့်ထားရှိပြီး လူကုန်ကူးခံရသူ မ......အား ကယ်တင်ရရှိရေးအတွက် အမှတ် ၁၇ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (မူဆယ်)နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သုံးဘီးဆိုင်ကယ် တိမ်းမှောက်မှုကြောင့် လူကိုးဦးဒဏ်ရာရ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

မိတ္ထီလာမြို့တွင် သုံးဘီးဆိုင်ကယ် အရှိန်လွန်တိမ်းမှောက်မှုကြောင့် လူကိုးဦးဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက် ၈ နာရီ ၄၅ မိနစ်ခန့်က သုံးဘီးဆိုင်ကယ် တိမ်းမှောက်ကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာမြို့နယ် ကန်ကူးတံတားအရှေ့ထိပ် A-1 မိုတယ်ရှေ့မိုင်တိုင်အမှတ် ၀/၀ နှင့် ၀/၁ အကြား မိတ္ထီလာမြို့အောင်ဇေယျာရပ်ကွက် နယ်မြေ ၆ နေ ယာဉ်မောင်းဦးဖိုးကျော် (၄၁ နှစ်)မောင်းနှင်လာသော ၁ဟ/----- သုံးဘီးယာဉ်မှာ အရှိန်မထိမ်းနိုင်ဘဲ တိမ်းမှောက်ခဲ့ပြီး လူကိုးဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မိတ္ထီလာဆေးရုံသို့ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဖိုးကျော်အား မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်များ။

# တရားဝင်စာရွက်စာတမ်းမတင်ပြနိုင်သည့် လူသုံးကုန်နှင့် စားသောက်ကုန်များဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၀၅ စီး၊ သွင်းကုန် ၉၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၄၉စီး၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၇၀ သိန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၇၄၄ သန်းခန့် စုစုပေါင်းတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၃၁၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့်ခရီးသည်တင်ယာဉ်တစ်စီး၊Canter ခြောက်ဘီးယာဉ်တစ်စီးနှင့် ယာဉ်ငယ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန် ၂၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၅၇၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှားခရီးသည်တင်ဂျက်လေယာဉ် ပျက်ကျရာ လိုက်ပါလာသူ ၇၁ ဦးလုံး သေဆုံး




**မော်စကို ဖေဖော်ဝါရီ ၁၂**
ခရီးသည် ၇၁ ဦးကို တင်ဆောင်လာသည့် ရုရှားခရီးသည်တင်လေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့က ရုရှားနိုင်ငံမြို့တော် မော်စကိုလေဆိပ်မှ ထွက်ခွာလာခဲ့ပြီး မကြာမီတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသည့်ခရီးသည်များအားလုံးသေဆုံးခဲ့ကြောင်း သိရသည်။

ခရီးသည် ၆၅ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာခဲ့သည့် ဆာရာတော့ဗ်လေကြောင်းလိုင်းပိုင် အန်တိုနော့ဗ်-၁၄၈ လေယာဉ်သည် မော်စကိုရှိ ဒိုမိုဒီဒိုဗိုလေဆိပ်မှ အနောက်ရုရှားရှိ အိုရန်ဘာ့ဂ်ဒေသ Orskသို့ လမ်းကြောင်းအတိုင်း ပျံသန်းထွက်ခွာလာခဲ့စဉ် ပျက်ကျသွားခဲ့ခြင်း ဖြစ်သည်။

သက်တမ်းအားဖြင့် ခုနစ်နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ရုရှားနိုင်ငံလုပ် အဆိုပါ လေယာဉ်သည် မော်စကိုမှပျံသန်းထွက်ခွာလာပြီး မိနစ်အနည်းငယ်အကြာ မော်စကိုစံတော်ချိန် ၂ နာရီ ၂၁ မိနစ်တွင် ရေဒီယိုဆက်သွယ်မှု ပြတ်တောက်သွားခဲ့သည်။

ကံမကောင်း အကြောင်းမလှစွာဖြင့် လေယာဉ်သည် အာဂန်နိုဗိုကျေးရွာအနီးတွင် ပျက်ကျသွားခဲ့သည်။

လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအားလုံးအသက်ရှင်နိုင်ဖွယ်အခွင့်အလမ်းမရှိနိုင်ကြောင်း အရေးပေါ်ဝန်ဆောင်မှုအဖွဲ့ သတင်းရင်းမြစ်တစ်ခုက အင်တာဖက်စ်သတင်းအေဂျင်စီသို့ ပြောကြားခဲ့ကြောင်း သိရသည်။

မော်စကိုမှ ၈၀ ကီလိုမီတာခန့်ဝေးကွာသည့် အာဂန်နိုဗိုကျေးရွာအနီးတွင် တွေ့ရသည့်မြင်ကွင်း၌ လေယာဉ်သည် အဆိုပါ နေရာအနီးရှိတောအုပ်တစ်ခုအတွင်းသို့ ပျက်ကျသွားခဲ့သည်ကို ဆင်ဟွာသတင်းထောက်တစ်ဦးက တွေ့မြင်ခဲ့ရပြီး အရေးပေါ်ဝန်ဆောင်မှုဌာနများမှ ယာဉ်များနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့၊ အာကာသရှာဖွေရေးနှင့် ကယ်ဆယ်ရေးအင်အားစုများက ရှာဖွေရေးကို အပူတပြင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးက လေယာဉ်ပျက်ကျချိန်တွင် ပထမဦးစွာအသံများကိုကြားလိုက်ရပြီး တောအုပ်ထဲသို့ ပြေးဝင်ခဲ့ကြောင်း၊ ထို့နောက်တွင် လေယာဉ်၏အပျက်အစီးများ မြေပြင်ပေါ်ပြန့်ကြဲနေသည်ကို တွေ့မြင်လိုက်ရပြီး အချို့အစိတ်အပိုင်းများမှာ နှင်းထုအတွင်း မပျောက်ကွယ်မီလေထဲတွင် ဝဲပျံလွင့်နေခဲ့ကြောင်း ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မျက်မြင်သက်သေ၏ အမျိုးသားဖြစ်သူက ၎င်းတို့သည်လေယာဉ်ပျက်ကျရာသို့ ရောက်ရှိသွားချိန်တွင် မီးတောက်များနှင့်သွေးများကိုတွေ့မြင်ခဲ့ရခြင်းမရှိကြောင်းနှင့် မီးလောင်သည့်ညှော်နံ့များကိုသာရခဲ့ကြောင်း ပြောခဲ့သည်။

လေယာဉ်ဘလက်ဘောက်စ်နှစ်ခုအနက် တစ်ခုနှင့် ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်ကိရိယာများကို ရှာတွေ့ခဲ့သော်လည်း ယာဉ်မောင်းနေရာမှအသံဖမ်းစက်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျရာတွင် မိသားစုဝင်များအား ဆုံးရှုံးခဲ့ရသူများထံသို့ ဝမ်းနည်းပူဆွေးကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကဖော်ပြခဲ့ပြီး လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးရေးအစိုးရကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာအချို့ရှိကြောင်း၊ လူ့အမှားဖြစ်နိုင်သကဲ့သို့ ရာသီဥတုကြောင့်လည်း ဖြစ်နိုင်ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန် ဂရင်းကင်ညွန်တောင်ကြားသို့ ရဟတ်ယာဉ်ပျက်ကျရာ ဗြိတိန်နိုင်ငံသား သုံးဦးသေဆုံး

**လန်ဒန် ဖေဖော်ဝါရီ ၁၂**
အမေရိကန်နိုင်ငံ ဂရင်းကင်ညွန်တောင်ကြားတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ဗြိတိန်နိုင်ငံသား သုံးဦးသေဆုံးခဲ့ကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံးက ယမန်နေ့က အတည်ပြုပြောကြားခဲ့သည်။



ကမ္ဘာလှည့်ခရီးသွားများလိုက်ပါစီးနင်းလာခဲ့သော အဆိုပါရဟတ်ယာဉ်သည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဂရင်းကင်ညွန်တောင်ကြားထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုတွင် ရဟတ်ယာဉ်ပေါ်လိုက်ပါလာသည့် အခြားဗြိတိန်နိုင်ငံသား သုံးဦးလည်း ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူ ဗြိတိန်နိုင်ငံသားအားလုံး၏ မိသားစုများအား လိုအပ်သောအရေးပေါ်ဝန်ဆောင်မှုအားလုံးကို အမေရိကန်အရေးပေါ်ဝန်ဆောင်မှုဌာနနှင့် နီးကပ်စွာချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ရဟတ်ယာဉ် ပျက်ကျရသည့်အကြောင်းရင်းကို ရှင်းလင်းစွာမသိရသေးပေ။ အဆိုပါ ရဟတ်ယာဉ်အား ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် ပါပီလွန်လေကြောင်းလိုင်းမှ ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# အစ္စရေး-ဆီးရီးယားနယ်စပ်အရေး ပူတင်နှင့် နေတန်ယာဟုတို့ ဆွေးနွေး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**
ရုရှားနှင့်အစ္စရေးခေါင်းဆောင်နှစ်ဦးတို့သည် အစ္စရေး-ဆီးရီးယားနယ်စပ်အရေးကို ဖုန်းဖြင့်ဆက်သွယ်ကာဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်စနေနေ့က အစ္စရေးသည် ဆီးရီးယားရှိ အီရန်ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး အီရန်ဒရုန်းလေယာဉ်များက အစ္စရေးလေပိုင်နက်ဆီသို့ ဆီးရီးယားမှ ဝင်ရောက်လာခဲ့ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

စစ်ဆင်ရေးအတွင်း ဆီးရီးယားလေကြောင်းကာကွယ်ရေးအင်အားစုသည် အစ္စရေး လေတပ်အင်အားစုမှ အက်ဖ်-၁၆ တိုက်ခိုက်ရေးဂျက်လေယာဉ်ကို ပစ်ချရန်အတွက် ဒုံးကျည်ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် ဆီးရီးယားနှင့်အစ္စရေးအကြားနယ်စပ်အခြေအနေများနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဆွေးနွေးခဲ့ကာ ဆီးရီးယားရှိပစ်မှတ်များကို အစ္စရေးလေကြောင်းအင်အားစုက လေကြောင်းတိုက်ခိုက်နေသည့်ကိစ္စကို အထူးအလေးပေးဆွေးနွေးခဲ့ကြောင်း စနေနေ့ကထုတ်ပြန်ခဲ့သည့်ဖော်ပြချက်တွင် ပါရှိသည်။

ဒေသအတွင်း၌ နောက်ထပ်အန္တရာယ်ကြီးမားသည့် ထိပ်တိုက်ရင်ဆိုင်မှုအသစ်များထပ်မံဖြစ်လာစေမည့် နောက်ထပ်မည်သည့်ခြေလှမ်းမျိုးမျှ ထပ်မလှမ်းရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို ရုရှားက တောင်းဆိုလိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နှင့် စင်ကာပူတို့ မြောက်ကိုရီးယားအရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

**တိုကျို ဖေဖော်ဝါရီ ၁၂**
ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အရေးယူပိတ်ဆို့မှုများကို မြောက်ကိုရီးယားနိုင်ငံက မချိုးဖောက်စေရေးတားဆီးရန်အတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် အခိုင်အမာသဘောတူညီခဲ့ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနို **(ယာပုံ)**သည် စင်ကာပူနိုင်ငံ သို့ အလည်အပတ်ရောက်ရှိခဲ့ပြီး တနင်္လာနေ့တွင် ဆွေးနွေးဖက် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီရန်ဘာလက်ကရစ်ရှုနန်နှင့် တွေ့ဆုံခဲ့သည်။

ယခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ ဉက္ကဋ္ဌအဖြစ် စင်ကာပူနိုင်ငံက ဆောင်ရွက်လျက်ရှိသည်။

ကိုနိုက မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ပြောဆိုခဲ့ပြီး လက်ရှိကျင်းပနေသည့် အိုလံပစ်အားကစားပြိုင်ပွဲ၌ မြောက်ကိုရီးယားကလိမ္မာပါးနပ်စွာ အတိုက်အခံလုပ်ဆောင်ခဲ့မှုကို နိုင်ငံတကာအဖွဲ့အစည်းများက မျက်ကွယ်ပြု၍မနေသင့်ကြောင်း ပြောကြားခဲ့သည်။

ကိုနိုသည်အရှေ့တောင်အာရှနိုင်ငံများအား အတူတကွပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အရေးယူပိတ်ဆို့မှုများကို ရှောင်လွှဲသည့်နည်းလမ်းများသည် တဖြည်းဖြည်း ပိုမိုရှုပ်ထွေးနက်နဲလာသည့်အတွက် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားကို အခွင့်အရေးလွယ်လွယ်မပေးကြရန် ပြောကြားခဲ့သည်။

ဘာလာကရစ်ရှုနန်က အရှေ့တောင်အာရှနိုင်ငံများအသင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အရေးယူဆောင်ရွက်ချက်များ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို အတူတကွတွေ့မြင်လိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် မြောက်ကိုရီးယားအပေါ်နောက်ထပ်ဖိအားပေးသွားနိုင်ရေး အတူတကွ လက်တွဲကြိုးပမ်းသွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



**နိုင်ငံတကာ သတင်းတိုတွာ**

## အင်ဒိုနီးရှား ဘတ်စ်ကားတိမ်းမှောက်မှု လူ ၂၇ ဦးထက်မနည်း သေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး မော်တော်ဆိုင်ကယ်တစ်စီးနှင့်တိုက်မိကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ၂၇ ဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

ယာဉ်တိုက်မှုသည် အနောက်ဂျာဗားပြည်နယ်ရှိ စူဘန်၌ စနေနေ့ညနေ ၆ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် ဘတ်စ်ကားပေါ်၌ ကမ္ဘာလှည့်ခရီးသည်အယောက် ၄၀ ခန့်ရှိနေခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်၂၇ဦးထက် မနည်းသေဆုံးခဲ့ပြီး အချို့ကိုဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် တိမ်းမှောက်နေသည့် ဘတ်စ်ကားအတွင်း ပိတ်မိနေကြသည့် ခရီးသည်များကို အပြင်သို့ကယ်ထုတ် နေသည့်မြင်ကွင်းကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည့် ပုံရိပ်တွင်တွေ့ရသည်။

ဘတ်စ်ကား၏ ဘရိတ်ပိုင်းတွင် ပြဿနာရှိခဲ့ဟန်တူကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အီဂျစ်နိုင်ငံ ဆိုင်းနိုင်းတွင် ပြုလုပ်သည့် စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမား ၁၆ ဦး သေဆုံး

**ကိုင်ရို ဖေဖော်ဝါရီ ၁၂**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် သောကြာနေ့က အီဂျစ်တပ်မတော်မှ ပြုလုပ်ခဲ့သည့် အကြမ်းဖက်ဆန့်ကျင်တိုက်ခိုက်မှု စစ်ဆင်ရေးတွင် စစ်သွေးကြွ ၁၆ ဦးထက် မနည်းသေဆုံးခဲ့ပြီး လေးဦးကို အရှင်ဖမ်းဆီးရမိခဲ့ကြောင်း အီဂျစ်တပ်မတော်က တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ထို့အပြင် အကြမ်းဖက်အဖွဲ့ဝင်ဟု သံသယရှိသည့် နောက်ထပ်အယောက် ၃၀ ကိုလည်း ဖမ်းဆီးထားကြောင်း တပ်မတော်က ပြောကြားခဲ့သည်။

လေကြောင်းအင်အားစုသည် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဆင်နွှဲခဲ့ရာတွင် အကြမ်းဖက်သမားများအသုံးပြုသည့် ပုန်းခိုရာနေရာ ၆၆ ခုနှင့် ဌာနများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ဖော်ပြချက်တွင် ပါရှိသည်။

ဆက်တိုက်ပြုလုပ်ခဲ့သည့် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးအတွင်း မော်တော်ယာဉ် ၁၁ စီး၊ မော်တော်ဆိုင်ကယ် ၃၁ စီးနှင့် ပေါက်ကွဲပစ္စည်းသိုလှောင်ရုံသုံးခုတို့ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ဆူဒန်ငြိမ်းချမ်းရေးကို အဖတ်ဆယ်နိုင်မယ့် နောက်ဆုံးအခွင့်အရေး

**ကလျာမိုးမြင့်**



တောင်ဆူဒန်ရဲ့ ရက်စက်ဆိုးသွမ်းတဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ဖို့ အီသီယိုးပီးယားမြို့တော် အဒစ်အဘာဘာမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပြန်လည်စတင်ခဲ့မှုနဲ့အတူ ယခု ဆွေးနွေးပွဲတွေဟာ ငြိမ်းချမ်းရေးကို အဖတ်ဆယ်နိုင်ဖို့ နောက်ဆုံးအခွင့်အရေးပဲ ဖြစ်လိမ့်မယ်ဆိုတဲ့ သတိပေးချက်ကလည်း ပေါ်ထွက်လာခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှာ စစ်မက်ဖြစ်ပွားနေတဲ့ အဖွဲ့အစည်းတွေက စစ်မက်ဖြစ်ပွားမှုရပ်နားရေးသဘောတူညီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်မှာ အဒစ်အဘာဘာမှာ ကျင်းပတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ အပစ်ရပ်စဲရေးစာချုပ်ဟာ စည်းမျဉ်းတွေ စတင်ထုတ်ပြန်ပြီး နာရီများစွာအကြာမှာပဲ ကျိုးပေါက်ခဲ့ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရအာဏာပိုင်အဖွဲ့(IGAD) ရဲ့ ဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဝေါ်ခ်နက်ဂီဘီရီဟူက စစ်မက်ဖြစ်ပွားနေတဲ့ အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာပါဝင်ပတ်သက်သူတွေကို ဒါဟာသင်တို့အတွက် နောက်ဆုံးအခွင့်အရေးပဲလို့ ၁၀ ရက်ကြာမြင့်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်ချိန်မှာပြောခဲ့ပါတယ်။

တောင်ဆူဒန်ဟာ နိုင်ငံပေါင်း ရှစ်နိုင်ငံပါဝင်တဲ့ အရှေ့အာဖရိက အစိုးရအဖွဲ့ (IGAD) မှာ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပါတယ်။ အီသီယိုးပီးယား နိုင်ငံခြားရေး ဝန်ကြီးလည်းဖြစ်တဲ့ ဂီဘီရီဟူက အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ပြီးခဲ့တဲ့ဒီဇင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့သော်ငြားလည်းပဲ စာချုပ်ကို ချိုးဖောက်တယ်ဆိုတဲ့ အစီရင်ခံစာတွေ များစွာရှိခဲ့တယ်လို့ ပြောခဲ့ပါတယ်။

**အပစ်အခတ်ရပ်စဲရေးကျိုးပေါက်မှုများ**

ကုလသမဂ္ဂ အာဖရိကပြည်ထောင်စု (AU)နဲ့IGAD အကြီးအကဲတွေဟာလည်း ပြီးခဲ့တဲ့လမှာကျင်းပခဲ့တဲ့ အကြိမ် (၃၀)မြောက် အာဖရိကပြည်ထောင်စု ထိပ်သီးအစည်းအဝေးမှာ အပစ်အခတ်ရပ်စဲရေးကျိုးပေါက်ရတာတွေနဲ့ ပတ်သက်ပြီး ၎င်းတို့ရဲ့ စိတ်ပျက်လက်ပျက်ဖြစ်မှုကို တညီတညွတ်တည်း ဖော်ပြခဲ့ကြသလို မကြာသေးမီက ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ချိုးဖောက်ခဲ့တာတွေနဲ့ပတ်သက်ပြီး တောင်ဆူဒန်ရဲ့ စစ်မက်ဖြစ်ပွားနေတဲ့ ဂိုဏ်းအုပ်စုတွေကို သတိပေးခဲ့ပါတယ်။

**ပိတ်ဆို့ဒဏ်ခတ်မှုတွေ ပြုလုပ်**

ကြားဝင်စေ့စပ်ညှိနှိုင်းသူတွေနဲ့ စေတနာရှင်နိုင်ငံတွေအတွင်းမှာ ဒေါသတွေအထွတ်အထိပ်ကို ရောက်ရှိလာရသလို တောင်ဆူဒန်ရဲ့ စစ်ဖြစ်ပွားနေတဲ့ အဖွဲ့တွေအနေနဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ဖို့ မတတ်နိုင်တော့တဲ့ အခြေအနေတွေဖြစ်လာပြီး တချို့ကတော့ တစ်ဖက်သတ်ဆန်ဆန် ပြစ်ဒဏ်ခတ်လိုတဲ့ သဘောထားကနေ ရပ်တည်လာကြပါတယ်။

ယခုလအစောပိုင်းမှာ အမေရိကန်က တောင်ဆူဒန်အပေါ်မှာ ကုန်သဘော်အဝင်အထွက်ကို ပိတ်ပင်တဲ့အမိန့်ထုတ်ပြန်လိုက်ခြင်းအားဖြင့် အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ဒီအချိန်မှာ ဥရောပသမဂ္ဂကတော့ ခရီးသွားလာခွင့်ပိတ်ပင်မှုတွေ ပြုလုပ်လိုက်ပြီး တောင်ဆူဒန်နိုင်ငံရဲ့ လက်ရှိနဲ့ယခင် အာဏာပိုင်သုံးဦးတို့ကိုလည်း ပိတ်ပင်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

**မပြီးဆုံးနိုင်သည့်ပြည်တွင်းစစ်**

လူထောင်ပေါင်းများစွာကို သေကျေပျက်စီးစေခဲ့ပြီး သန်းပေါင်းများစွာကို အိုးအိမ်ပျောက်ကွယ်စေခဲ့တဲ့ တောင်ဆူဒန်ပြည်တွင်းစစ် ဖြစ်ပွားမှုဟာဆိုရင် ငါးနှစ်ကြာအချိန်ကာလထဲကို ဝင်ရောက်လာနေပြီဖြစ်ပြီး ခုချိန်အထိ အဆုံးသတ်မယ့် အရိပ်အယောင်ကို မမြင်ရသေးပါဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေက နိုင်ငံတကာအဖွဲ့အစည်းတွေ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေဟာ ကမ္ဘာ့အသစ်လွင်ဆုံးနိုင်ငံဖြစ်တဲ့ တောင်ဆူဒန်ကို လျစ်လျူရှုထားပြီး မနေနိုင်ကြဘူးလို့ မှတ်ချက်ချခဲ့ပါတယ်။

**တောင်ဆူဒန်အတွက် ၂၀၁၈**

ဒေသဆိုင်ရာ အမျိုးသားအကျိုးစီးပွားအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ အီသီယိုးပီးယားနိုင်ငံခြားဆက်ဆံရေး မဟာဗျူဟာ လေ့လာမှုအဖွဲ့က အကြီးတန်းသုတေသီ အဘီဘီအိုင်နက်တီက ၂၀၁၈ မှာအဖြစ်လာနိုင်ဆုံးအရာဟာ IGADနဲ့ ၎င်းရဲ့အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းဟာ ပဋိပက္ခတွေကို လောင်စာတိုက်နေတယ်လို့ သံသယရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ပစ်မှတ်ထားတဲ့ပိတ်ဆို့မှုတွေ ဖယ်ရှားပစ်လိုက်နိုင်တယ်ဆိုတဲ့အချက်ပဲလို့ ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့ပါတယ်။

တောင်ဆူဒန်ရဲ့ အရေးပါသော အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အီသီယိုးပီးယားဟာ လက်ရှိမှာ တောင်ဆူဒန်ဒုက္ခသည် တစ်သန်းရဲ့ထက်ဝက်လောက်ကို အကာအကွယ်ပေးထားတာဖြစ်ပြီး ပြည်တွင်းစစ် စတင်ပေါက်ပွားလာတဲ့ ၂၀၁၃ ခုနှစ်ကစတင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အကြိမ်ပေါင်းများစွာ လက်ခံကျင်းပပေးခဲ့ပါတယ်။

အိုင်နီတီဟာ တောင်ဆူဒန်အတွက် ၂၀၁၈ ခုနှစ်ကို အဆိုးတွေဖြစ်လာနိုင်တဲ့နှစ်တစ်ခုအဖြစ်ပုံဖော်နေပြီး တော်တော်လေးမျှော်လင့်စောင့်စားနေခဲ့ရတဲ့ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲဟာ နိုင်ငံရဲ့ ခါးသီးတဲ့ ပြိုကွဲမှုကိုဖြေရှင်းနိုင်မယ်လို့ ထင်မြင်ယူဆထားမှုဟာ ဖြစ်လာနိုင်ဖွယ်မရှိဘူးလို့ သုံးသပ်ခဲ့ပါတယ်။

**တောင်ဆူဒန်ပဋိပက္ခအစ**

ဆူဒန်ကနေခွဲထွက်ကာ ကိုယ်ပိုင်လွတ်လပ်ရေးကိုရရှိခဲ့တဲ့ ၂၀၁၁ ခုနှစ်ကစပြီး တောင်ဆူဒန်မှာ ဒီမိုကရက်တစ် ရွေးကောက်ပွဲတွေ ကျင်းပမှုမရှိခဲ့ပါဘူး။

ရွေးကောက်ပွဲ မဲရလဒ်တွေကနေ သမ္မတဆယ်လ်ဗာကီယာ ရာထူးအာဏာစတင် ရရှိလာခဲ့မှုနဲ့အတူ ရာစုနှစ်နှစ်ခုကျော်လောက်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ပြီးဆုံးသွားခဲ့ပြီး ရေနံကြွယ်ဝတဲ့ နိုင်ငံအတွင်းမှာ အပြောင်းအလဲတစ်ခုကို ကြေညာခဲ့ပါတယ်။

နိုင်ငံဟာ သမ္မတဆယ်လ် ဗာကီယာနဲ့ ၎င်းရဲ့ဒုတိယသမ္မတဟောင်း သူပုန်ခေါင်းဆောင်တစ်ဖြစ်လည်း ရိခ်မာချာတို့အကြားမှာဖြစ်ပွားတဲ့ နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုတွေက တပ်မတော်အတွင်းမှာ ပြိုကွဲမှုတွေ ဖြစ်လာစေခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာတော့ ဆူပူအုံကြွပဋိပက္ခဖြစ်မှုတွေ စတင်ပေါက်ပွားလာခဲ့ပါတော့တယ်။

**စေ့စပ်ညှိနှိုင်းမှုတွေခက်ခဲလာ**

အဲဒီအချိန်ကစပြီး ဖြစ်ပွားလာခဲ့တဲ့ ပဋိပက္ခဟာ မဟာမိတ်တွေရဲ့ ရွေ့ပြောင်းမှုနဲ့အတူ ပြိုကွဲနေတဲ့ လက်နက်ကိုင် အတိုက်အခံအုပ်စုတွေကို ညှိနှိုင်းဆွေးနွေးမှု စားပွဲပေါ်ရောက်ရှိလာအောင် ဆွဲခေါ်လာဖို့ကြားဝင်စေ့စပ်ညှိနှိုင်းသူတွေကို အလွန်ခက်ခဲလာစေခဲ့ပါတယ်။

အီသီယိုးပီးယားနိုင်ငံဆိုင်ရာ တောင်ဆူဒန်သံအမတ် ဂျိမ်းစ်မော်ဂန်က ကြားဝင်စေ့စပ်ညှိနှိုင်းပေးသူတွေနဲ့ စေတနာရှင်နိုင်ငံတွေဟာ ပြစ်ဒဏ်ခတ် အရေးယူမှုတွေနဲ့ ခြိမ်းခြောက်ရမယ့်အစား ပဋိပက္ခကို ဖြေရှင်းဖို့ရုပ်လုံးပေါ်အောင် အရင်ဆုံးလုပ်ဖို့ လိုအပ်နေတာဖြစ်တယ်လို့ ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။

စစ်မက်ဖြစ်ပွားမှုတွေကို ရပ်နားဖို့ သူပုန်အဖွဲ့တွေ စိတ်ဝင်စားမှုမရှိဘူးဆိုတဲ့ အချက်ထဲမှာ လိုအပ်ချက်တွေရှိနေတယ်။ အပစ်အခတ်ရပ်စဲရေးကို ကိုင်တွယ်စီမံနေတဲ့ အဖွဲ့အစည်းမှာလည်း ထိန်းချုပ်စီမံနိုင်စွမ်းမရှိဘူးလို့ ၎င်းက ဝေဖန်ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

> “IGAD နဲ့ ၎င်းရဲ့ အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းဟာ ပဋိပက္ခတွေကို လောင်စာတိုက်နေတယ်လို့ သံသယရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ပစ်မှတ်ထားတဲ့ ပိတ်ဆို့မှုတွေ ဖယ်ရှားပစ်လိုက်နိုင်တယ်ဆိုတဲ့အချက်ပဲ”

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**နိဒါန်း**

၁။ ရခိုင်ပြည်နယ်တွင်လက်ရှိဖြစ်ပေါ်နေသောအရေးကိစ္စများသည်ရခိုင်ပြည်နယ် တစ်ခုတည်း၏ အရေးကိစ္စမဟုတ်ဘဲ ပြည်ထောင်စုတစ်ခုလုံး၏ အရေးကိစ္စဖြစ်ပါသည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စု တစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေး ပါသောအချက်ဖြစ်ပါသည်။

၂။ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး တို့အတွက်လုပ်ဆောင်ရန် များစွာရှိနေပြီး အစိုးရအနေဖြင့် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများဖြင့် ဆောင်ရွက်နေပါ သည်။ ထိုဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့်လည်း ဆက်စပ် ကိုက်ညီလျက်ရှိပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ကြားဖြတ် အစီရင်ခံစာကို ၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြားဖြတ် အစီရင်ခံစာထုတ်ပြန်ပြီးနောက် အစီရင်ခံစာပါအကြံပြုချက်များကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နေရာမှ အရှိန်အဟုန်မြှင့်တင်နိုင်ရန် ရခိုင်ပြည်နယ်ဆိုင်ရာအကြံ ပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို နိုင်ငံတော် အစိုးရက ကော်မတီဝင် ၁၉ ဦးဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လေးလလျှင်တစ်ကြိမ် ပြည်သူသို့ အစီရင်ခံစာ တင်ပြရမည်ဖြစ်ပါသည်။ ယခုအစီ ရင်ခံစာတွင် ကော်မတီ မဖွဲ့စည်းမီ ၂၀၁၇ ခုနှစ် ဧပြီလ၁ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ သော အကောင်အထည်ဖော်မှုများအပါအဝင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် နေ့အထိ လုပ်ငန်းဆောင်ရွက်မှုများကို ထည့်သွင်းတင်ပြထားပါသည်။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု**

၃။ ရခိုင်ပြည်နယ်ဒေသခံပြည်သူများ ပိုမိုအကျိုးခံစားခွင့်ရရှိနိုင်စေရန် ရင်းနှီးမြှုပ် နှံမှုကော်မတီကို၇-၇-၂၀၁၇ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကို၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မွေးမြူရေးနှင့် ရေလုပ်ငန်းခြောက်ခု၊ ဆောက်လုပ်ရေးလုပ်ငန်း နှစ်ခု၊ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ၁၁ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခု၊ စွမ်းအင်လုပ်ငန်း ၂၇ ခု၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ခုဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါသည်။

၄။ ဒေသခံပြည်သူလူထုထံမှစီမံကိန်းများနှင့် အစိုးရရုံးများတည်ဆောက်ရန် သိမ်းယူလိုက်သော မြေယာများအတွက် ပိုင်ရှင် ၁၀၀၁ ဦးကိုလျော်ကြေးငွေများပေး အပ်နိုင်ခဲ့ပြီးခုနစ်ဦး၏ လျော်ကြေးများကို၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း တောင်းခံထားခဲ့ပါသည်။

၅။ ကျောက်ဖြူဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်း များ၏ လူမှုရေးဆိုင်ရာတာဝန်ခံမှု (Corporate Social Responsibility -CSR) ဆောင်ရွက်ပေးမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများက ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၅၀ အတွက် လှည့်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ မတည် ပေးခြင်း၊ Caterpillar Company နှင့် ပူးပေါင်း၍ စက်ကြီးမောင်းသင်တန်း ဖွင့်လှစ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။ပညာရေးကဏ္ဍ၊ အခြေခံအဆောက် အအုံကဏ္ဍတွင် ရွှေစီမံကိန်းမှငွေကျပ် သိန်းပေါင်း ၇၆၂၉ ဒသမ ၀၇ နှင့် အရှေ့တောင် အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက အမေရိကန်ဒေါ်လာ ၈၇၆၂၅၇ ဒသမ ၆၅ ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၆။ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု Strategic Environmental Assessment- (SEA) လုပ်ငန်းအတွက်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကျောက်ဖြူအထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၇။ အလုပ်သမားဈေးကွက်နှင့် သက်ဆိုင်သည့်လေ့လာဆန်းစစ်မှုများ(Labour Market Assessment -LMA) ပြုလုပ်သွားနိုင်ရေး ILOနှင့် ညှိနှိုင်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ LMA ပြုလုပ်ရန် စီမံဆဲကာလတွင် အမျိုးသမီး များနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ရခိုင်ပြည်နယ် အတွင်းအလုပ်အကိုင်ရရှိရေးအတွက် သင်တန်း ၂၂ မျိုးတွင် သင်တန်းသား စုစု ပေါင်း ၂၁၆၀ တက်ရောက်နိုင်ခဲ့ပါသည်။ GIZ အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် ကျောက်ဖြူ ဒေသခံ အမျိုးသမီးများအား ရန်ကုန်မြို့တွင် စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးရေး သင်တန်းဖွင့်လှစ်ပေးခြင်း၊ သံချည်သံကွေး၊ ဂဟေဆက်၊ လျှပ်စစ်အသေး စားစက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။အမျိုးသမီး ၂၅၀ တို့သည် စစ်တွေမြို့ mart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ၊ ရွှေကျားလက်ရက်ကန်းစက်ရုံတို့တွင် အလုပ်အကိုင်များ ရရှိခဲ့ကြပြီး ရွှေစီမံကိန်းနှင့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့တွင် ဒေသခံ ပြည်သူ ၅၂၀ ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပါသည်။

၈။ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ပျက်စီးသွားသောလမ်း၊ တံတားများ ပြုပြင်ခြင်း၊ မြေလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ် ခြင်း၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်း၊ ရဟတ်ယာဉ်ကွင်း တည်ဆောက်ခြင်း များ ဆောင်ရွက်ခဲ့ပါသည်။ တံတားအစင်း ၂၀ ဆောက်လုပ်ခြင်းနှင့်မေယုတောင် ကျော်လမ်းအသစ်နှစ်လမ်း ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၉။ ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးတွင် မူလယာဉ်လိုင်း ၄၂ လိုင်းအပြင်ခြောက်လိုင်းထပ်မံ၍ တိုးချဲ့ပြေးဆွဲခွင့်ပြုနိုင်ခဲ့ပါသည်။ ရေကြောင်း ပို့ဆောင်ရေးတွင် ရခိုင်ဒေသကမ်းရိုးတန်းနှင့် မြစ်ကြောင်းများတစ်လျှောက်သွား လာမှုအဆင်ပြေစေရေးအတွက် ကစ္ဆပနဒီ(၁)နှင့်(၂)ရေယာဉ်များ၊ အောင်တံခွန် ရေယာဉ်များပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအစိုးရ၏အထောက် အပံ့ဖြင့် တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ်ခြောက်စင်းကို ၂၆-၆-၂၀၁၇ ရက်နေ့မှစ၍ ပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။မြောက်ဦးလေယာဉ်ကွင်းသစ်အား အစိုးရ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့်စနစ်(PPP)ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ပါသည်။ မာန်အောင်လေဆိပ် မူလ လေယာဉ်ပြေးလမ်း (၄၅၀၀×၁၀၀)ပေအား တောင်ဘက်သို့ Overrun ပေ ၂၀၀ နှင့် RESA Earth Levelling လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေလေဆိပ်ခရီးသည် အဆောက်အအုံ ၁၈၀× ၆၀ပေတိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။

၁၀။ ဆက်သွယ်ရေးကဏ္ဍတွင် အင်တာနက်သုံးစွဲသူပေါင်းတစ်သန်းကျော်၊ မိုဘိုင်း တယ်လီဖုန်း လွှမ်းခြုံနိုင်မှုသည်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော် သုံးစွဲလျက်ရှိပါသည်။

၁၁။ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးနှင့်စပ်လျဉ်း၍ ၁-၄-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိအောက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်-




**လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိမှုပုံပြဂရပ်(နာရီ)**

၁၂။ သောက်သုံးရေရရှိရေးအတွက် ရခိုင်ပြည်နယ်ရှိကျေးရွာများတွင် မြေသား ရေကန်တူးဖော်ပြုပြင်ခြင်းလုပ်ငန်း၂၆ ခုဆောင်ရွက်ပြီးစီးခြင်း၊ ၂၄၉ ဂါလန်သန်း ဆံ့သိုင်းချောင်းမြေသားရေလှောင်တမံနှင့် ၂၀ ဒသမ ၃၉ ဂါလန်သန်းဆံ့ ဒိုတန်း တောင်(၁)မြေသားလျှို့ပိုက်ဆည်အားတည်ဆောက်ပေးခြင်း၊ ကျေးရွာများတွင် အုတ်ရေကန် တည်ဆောက်ခြင်း၊ မြေသားရေကန်ပြုပြင်ခြင်း၊ ရေလှောင်ကန်မှ ရေစုကန်သို့ ပိုက်သွယ်တန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျေးလက်ရေရရှိရေးအတွက် ကျေးရွာ၂၃၃ ရွာတွင် လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်းရေနှင့် အခြားရေရရှိရေးလုပ်ငန်းများ စုစုပေါင်း ၂၃၄ ခု ဆောင်ရွက်ပေး လျက်ရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြင့် ကျေးရွာခုနစ်ရွာတွင် လည်း ကောင်း၊လူထုဗဟိုပြုစီမံကိန်း(CDD Project) ဖြင့် ကျေးရွာ ၂၃၅ ရွာတွင် လည်းကောင်း၊ မြစိမ်းရောင် စီမံကိန်းဖြင့် ကျေးရွာပေါင်း ၉၇ ရွာတွင် ကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ လယ်သမားများ၏ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် စက်ပစ္စည်းများ အစားထိုးသုံးစွဲနိုင်ရန် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ကိရိယာ ပစ္စည်း ၂၃၃ စီးအတွက် ၄၄၇ ဒသမ ၉၅၃ သန်းထုတ်ချေးခြင်း၊ ထွန်စက်နှစ်စီး၊ လက်တွန်းထွန်စက် ၅၇၅ စီးအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ အရည် အသွေးပြည့်မီသည့် စပါးမျိုးသန့်မျိုးစေ့တင်း ၂၃၃၂၊ ဆောင်းသီးနှံမြေပဲ မျိုးတင်း ၃၀၊ မတ်ပဲလေးတင်း၊ အိမ်ထောင်စု ၄၅၅၃ စုအတွက်ဟင်းသီးဟင်းရွက်မျိုးစေ့ ၇၉၆ ထုပ်တို့ ဖြန့်ဝေပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်မှုအနေဖြင့် KOPIA Project ဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို သင်တန်းသား ၉၀ ဖြင့် လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု သင်တန်းလေးကြိမ် ကို သင်တန်းသားဦးရေ ၁၁၀ ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် အားလုံးတွင် တောင်သူပညာပေးသင်တန်း ၁၂၆၁ ကြိမ်ဖြင့် လည်းကောင်း ဖွင့်လှစ် လေ့ကျင့်ပညာပေးနိုင်ခဲ့ပါသည်။

၁၄။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ(SMEs)ချေးငွေအားနှစ်လတ် သုံးနှစ်မှ ငါးနှစ်အထိကို အတိုးနှုန်း ၉ ရာခိုင်နှုန်းဖြင့် လည်းကောင်းထုတ်ချေးလျက်ရှိ ပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် JICA Two Step Loan ချေးငွေဖြင့် ၁၀၀ လျှင် အတိုး ၈ ရာခိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်အပါအဝင်တစ်နိုင်ငံလုံးရှိ တောင်သူ လယ်သမားများသို့ သုံးနှစ်၊ ငါးနှစ်သက်တမ်းရှိ ချေးငွေများထုတ်ချေးပေးလျက်ရှိ ပါသည်။ ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မိုးချေးငွေကို မြို့နယ်ပေါင်း ၁၇ မြို့နယ်မှ တောင်သူများသို့ ချေးငွေကျပ် ၈၆၁၈၀ ဒသမ ၁၅ သန်း ထုတ်ချေးပေးပြီး ဆောင်းချေးငွေကို မြို့နယ်ပေါင်း ခုနစ်မြို့နယ်တွင် ချေးငွေကျပ် ၂၄၀၈ ဒသမ ၅၅ သန်းထုတ်ချေးပေးခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေအသစ်ကိုရေးဆွဲ၍ နိုင်ငံ တော်သမ္မတရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ပါသည်။ ယင်းဥပဒေ အတည်ပြုပြီးပါက ဟိုတယ်လုပ်ငန်းလုပ်ကိုင်လိုသော မိသားစုပိုင် လုပ်ငန်းငယ်များအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

၁၆။ စီးပွားရေးလုပ်ငန်းများကိုမြှင့်တင်ပေးနိုင်ရန်အတွက်ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာဖြေလျှော့မှုများ လုပ်ငန်းစဉ်တွင် ယခင်အဆင့် ၁၃ ဆင့်မှ ယခုအဆင့်လေး ဆင့်သို့ လျှော့ချခြင်း၊ company မှတ်ပုံတင်ခြင်းကိုငွေကျပ် ၁၀ သိန်းမှ ငွေကျပ် ငါးသိန်းသို့ လျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖြင့် company ဖွဲ့စည်းတည်ထောင်ခြင်း ကိစ္စရပ်များဆိုင်ရာ သတင်းအချက်အလက်ပေးနိုင်သော Hot line တယ်လီဖုန်း အမှတ် ၁၈၈၇ သတ်မှတ်ပေးနိုင်ခဲ့ခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှု များကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၇။ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာ စေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၁၁၇၆၄ ဧက တည်ထောင်ခြင်း၊ ၇မြို့ နယ်အတွင်းဂွချောင်းဒီရေတော ကြိုးပြင်ကာကွယ်တောကို ရေယာအကျယ်အဝန်း ၁၆၄၄ ဧကဖြင့် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ လူထုဖြန့်စိုက်ပျိုးခြင်း ကို၂၀၁၇-၂၀၁၈ခုနှစ်တွင်အပင် ၃၉၀၀၀၀ စိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်သော စိုက်ပျိုးရေးဆိုင်ရာမျိုးစေ့များ ဖြန့်ဖြူးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၄၄၁ ဧက စိုက်ပျိုး ခြင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးရန်အတွက် ၄၁၅၆၈၇ ဧကလျာထား စိုက်ပျိုးလျက်ရှိခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်သည့် ဆည်မြောင်းစနစ်များတည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းနှင့် ပတ်သက်၍ တာပြုပြင်ခြင်း၊ တာတည်ဆောက်ခြင်း၊ ရေပိုလွှဲ၊ ကွန်ကရစ် ရေတံခါး၊ လျှို့ပိုက်ဆည်၊ ရေလှောင်တမံပြုပြင်တိုးချဲ့ခြင်း၊ ချောင်းပိတ်ခြင်းလုပ်ငန်း ၇၅ ခုကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဇွန်လ မှ နိုဝင်ဘာလအထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း အား ၂၆ကြိမ်ဆောင်ရွက်ခဲ့ပြီး ၅၁၇၄ ဦး တက်ရောက်ပါသည်။

**နိုင်ငံသားဖြစ်မှု**

၁၈။ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူသည်မှစ၍ ရခိုင်ပြည်နယ်အတွင်း နိုင်ငံ သားစိစစ်ရေးလုပ်ငန်းစဉ်ဖြင့် စိစစ်မှုခံယူရန်လျှောက်ထားသော အစ္စလာမ်ဘာသာ ဝင်များအား တည်ဆဲဥပဒေများနှင့်အညီ စိစစ်၍အောက်ပါအတိုင်း ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ၁-၄-၂၀၁၆ မှ ၃၁-၁၂-၂၀၁၆ထိ | ၁-၄-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ထိ |
|---|---|---|---|
| ၁ | နိုင်ငံသား | ၄၀ ဦး | ၁၁၈ ဦး |
| ၂ | နိုင်ငံသား ပြုခွင့်ရသူ | ၂၄ ဦး | ၁၀၅ ဦး |
| ၃ | နိုင်ငံသားပြုခွင့်ရသူ၏ အသက်(၁၈)နှစ် အောက်သားသမီးများစာရင်းသွင်းခြင်း၊ | ၂၂ ဦး | ၁၂၉ ဦး |
| ၄ | နိုင်ငံသားပြုခွင့်ရသူ၏ အသက်(၁၈)နှစ်အထက်သားသမီး များစာရင်းသွင်းခြင်း၊ | – | ၁၅ ဦး |
| ၅ | အသက်(၁၀)နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | - | ၁၄၈ ဦး |
| ၆ | အသက်(၁၈)နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | - | ၄၈၈ ဦး |
| ၇ | NV Card ကတ်ထုတ်ပေးခြင်း | ၂၄၅၇ | ၅၁၆၂ |
| ၈ | Bio Metric dataကောက်ယူခြင်း | - | ၈၅၈၁ |
| ၉ | ကမန်လူမျိုးများအားနိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | - | ၃၃၃၆ |

၁၉။ နိုင်ငံသားစိစစ်ခံမည့်သူများအနေဖြင့် မည်သည့်လက်မှတ်မျှ ကိုင်ဆောင် ထားခြင်းမရှိပါက NV Card အား ဥပဒေနှင့်အညီ ဦးစွာကိုင်ဆောင်ကြရမည်ဖြစ်၍ NV Card ရယူ ကိုင်ဆောင်စေရေးအတွက် NVCard ကိုင်ဆောင်မည့်သူများ ရရှိနိုင်မည့်အခွင့်အရေးများနှင့် လိုက်နာရန်များအကြောင်းကို မူဆလင်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ဒေသနေသူများ၊ ငါးဖမ်းစက်လှေများမှ ငါးဖမ်းသမားများအား ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များက ရခိုင်ပြည်နယ်ခရီးစဉ်တိုင်းတွင် ရှင်းလင်းအသိပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် NV-Process ဆောင်ရွက်နေသည်နှင့်အတူ နိုင်ငံသားလျှောက်ထားရန်လိုအပ်သော စာရွက်စာတမ်းများကို တစ်ပါတည်း ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။

၂၀။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များတွင် အစ္စလာမ်ဘာသာဝင်များ ပိုမိုပူးပေါင်း ပါဝင်လာစေရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များသည် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့ရာ အစ္စလာမ်ဘာသာရေး အဖွဲ့များမှ ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များထံ နိုင်ငံသားစိစစ်မှု လုပ်ငန်းတွင်ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်စာများ ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့အမွေအနှစ် ပုဂံ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံသည် စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်ခဲ့သူ အနော်ရထာမင်းကြီး နန်းစိုက်ခဲ့သည့် ကမ္ဘာကျော် ရှေးဟောင်းမြို့တော်ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များစွာ ကြွင်းကျန်လျက်ရှိသည့် ပုဂံကို ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ အမှတ်လက္ခဏာတစ်ခုအဖြစ် သိရှိထားကြကာ ပြည်တွင်းပြည်ပခရီးသွားများဖြင့် အမြဲစည်ကားနေသည့် ပုဂံကို မြန်မာ့အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ် ဖြစ်လာစေရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိနေပေသည်။

ပုဂံသမိုင်းသည် နှုတ်ပြောစကားများ၊ ဒဏ္ဍာရီများ၊ ပါးစပ်ရာဇဝင်များနှင့် ရောထွေးနေသဖြင့် ဆရာကြီး ဦးဖေမောင်တင်က "ပုဂံရာဇဝင် အကြောင်းပြောလျှင် တုတ်ထမ်းပြီးပြောရမည်ဟုဆိုကြ၏၊ အငြင်းအခုံဖြစ်ကြပြီး ရိုက်ကြ ပုတ်ကြတတ်သည်ဟု ဆိုလိုသည်" ဟု ရေးသားခဲ့သည်။

**နှုတ်ပြောဇာတ်လမ်းများ**

မြန်မာ့သမိုင်းကို အစဉ်အဆက် မှတ်တမ်းတင်ခဲ့ကြရာတွင် ရာဇဝင်ကျမ်းပြုသူများက ပိုကဲစွာ ရေးသားခဲ့ကြသဖြင့် နှောင်းခေတ်များတွင် အငြင်းပွားဖွယ်များ ဖြစ်လာခဲ့ရပေသည်။ ရှေးဟောင်းရာဇဝင်များတွင် နှုတ်ပြောစကားများ၊ ဒဏ္ဍာရီများက ရောနှောပါဝင်နေခဲ့သည်။ ရသပါသောဇာတ်လမ်းများ၊ အံ့ဖွယ်ဖြစ်ရပ်များကို စိတ်ဝင်စားသည့် လူသားများ၏သဘာဝအတိုင်း ရာဇဝင်ရေးသူအချို့က ဖတ်ရှုသူများစိတ်ဝင်စားမည့် နှုတ်ပြောဇာတ်လမ်းများကို ရာဇဝင်ကျမ်းများတွင် ထည့်သွင်းရေးသားခဲ့ခြင်းများ ရှိခဲ့သည်။ မိမိတို့၏ဘုရင်ကို ကြီးမားသောအမွှမ်းတင်လိုစိတ်များကြောင့် လွန်ကဲသော ချီးမြှောက်စကားများကို ထည့်သွင်းရေးသားခြင်းများလည်း ရှိခဲ့သည်။ ထို့ကြောင့် ခိုင်မာသောသမိုင်းအထောက်အထားများကို တွေ့ရှိလာချိန်တွင် သုတေသီများသည် အကာကိုပယ်၍ အနှစ်ကိုသာ ယူခဲ့ကြပေသည်။



စတုမုခ စေတီဟောင်း

ပညာရှင်များက ပုဂံခေတ်ကို သုံးပိုင်းပိုင်းကာ ပုဂံတည်ထောင်ချိန်မှ ခရစ်နှစ် ၁၁ ရာစုအထိကို ပုဂံခေတ်ဦး၊ ခရစ်နှစ် ၁၁ ရာစုမှ ၁၂ ရာစုအထိကို ပုဂံခေတ်လယ်၊ ခရစ်နှစ် ၁၂ ရာစုမှ ၁၃ ရာစုအထိကို ပုဂံခေတ်နှောင်းဟု သတ်မှတ်ခဲ့ကြသည်။

ပုဂံခေတ်နှင့်စပ်လျဉ်းလာလျှင် အများအားဖြင့် ပျဉ်ပြားမင်းမှ စောမွန်နစ်မင်းအထိ အပိုင်းအခြားကို ဦးစားပေး ပြောဆိုလေ့ရှိကြသည်။ အစဉ်အဆက်စကားများအရ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းက ယုန်လွှတ်ကျွန်းအရပ်တွင် ရွာ ၁၉ ရွာကို စုစည်း၍ ပထမပုဂံကို ထူထောင်ခဲ့သည်ဟု ဆိုသည်။ ရာဇဝံသဇာလိနီကျမ်း အလိုအရ ယုန်လွှတ်ကျွန်းသည် ဧရာဝတီမြစ်မှ ခြောက်မိုင်ကွာဝေးပြီး တုရင်တောင်၏ အရှေ့ဘက် တစ်မိုင်အကွာတွင်ရှိသည်။ ယခု ပုဂံတည်ရှိသည့် နေရာတွင် သမုဒ္ဒရာဇ်မင်းက မြို့တည်ခဲ့ပြီး သိုက်ထိုင်မင်းက သီရိပစ္စယာမြို့ကိုစွန့်၍ သမထီးအရပ်တွင် တမ္ပဝတီအမည်ဖြင့် မြို့တည်ခဲ့ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြခဲ့သည်။

ပုဂံ ၁၉ ရွာကို ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့က သုတေသနပြု ရှာဖွေခဲ့ရာ မူလအမည်အတိုင်းရှိနေသည့် ရွာငါးရွာနှင့် အမည်အနည်းငယ်ကွဲလွဲနေသည့် ရွာငါးရွာ အပါအဝင် နေရာသိပြီး ရွာ ၁၆ ရွာကို ဖော်ထုတ်နိုင်ခဲ့သည်။

**ရာဇဝင်ထဲမှ ပုဂံမင်းဆက်**

ရာဇဝင်ကျမ်းများတွင် ဖော်ပြချက်များအရ သမုဒ္ဒရာဇ်မင်းမှ ပျဉ်ပြားမင်းမတိုင်မီအထိ ပုဂံခေတ်ဦးပိုင်း မင်းဆက်သည် ၃၃ ဆက် ရှိခဲ့သည်။ သို့သော် ပျူမင်းထီး၊ ထီးယဉ်မင်း၊ ယဉ်မင်းပိုက်၊ ပိုက်သေဉ်လည်၊ သေဉ်လည်ကြောင်၊ ကြောင်တူရစ် စသည့် အမည်များသည် မြန်မာအမည်များမဟုတ်ကြကြောင်း၊ ဖခင်အမည်၏ နောက်ဆုံးစာလုံးကို သားအမည်၏ထိပ်တွင် ယူပြီး မှည့်ခေါ်သည့်ဓလေ့သည် မြန်မာတွင် မရှိကြောင်း၊ အနီးအစပ်ရှိ ပုံပြင်တစ်ခုကို ယူထည့်ထားသည်ဟု ထင်မြင်ကြောင်း၊ ထိုကဲ့သို့ ပုံပြင်မျိုးကို သမိုင်းတွင် ယူသုံးလေ့ရှိကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

တွင်းသင်းမဟာရာဇဝင်သစ်တွင် ပုဂံမင်းဆက် ၃၃ ဆက်ကို သမုဒ္ဒရာဇ်မင်း (အေဒီ ၁၄၉-၁၅၂)၊ ရသေ့ကြောင်မင်း(အေဒီ ၁၅၂-၁၆၇)၊ ပျူမင်းထီး(အေဒီ ၁၆၇-၂၄၂)၊ ထီးမင်းယဉ်မင်း (အေဒီ ၂၄၂-၂၉၉)၊ ယဉ်မင်းပိုက်မင်း(အေဒီ ၂၉၉-၃၂၄)၊ ပိုက်သေဉ်လည်မင်း (အေဒီ ၃၂၄-၃၄၄)၊ သေဉ်လည်ကြောင်မင်း (အေဒီ ၃၄၄-၃၈၇)၊ ကြောင်တူရစ်မင်း (အေဒီ ၃၈၇-၄၁၂)၊ သည်တံမင်း(အေဒီ ၄၁၂-၄၃၉)၊ သူရဲမင်း(အေဒီ ၄၃၉-၄၉၄)၊ သာရမွန်ဖျားမင်း(အေဒီ ၄၉၄-၅၁၆)၊ သိုက်တိုင်မင်း(အေဒီ ၅၁၆-၅၂၃)၊ သင်လည်ကြောင်ငယ်မင်း (အေဒီ ၅၂၃-၅၃၂)၊ သင်လည်ပိုက်မင်း(အေဒီ ၅၃၂-၅၄၇)၊ ခန်းလောင်းမင်း(အေဒီ ၅၄၇-၅၅၇)၊ ခန်တက်မင်း(အေဒီ ၅၅၇-၅၆၉)၊ ထွန်တိုက်မင်း (အေဒီ ၅၆၉-၅၈၂)၊ ထွန်ပစ်မင်း(အေဒီ ၅၈၂-၅၉၈)၊ ထွန်ချစ်မင်း(အေဒီ ၅၉၈-၆၁၃)၊ ပုပ္ပားစောရဟန်းမင်း (အေဒီ ၆၁၃-၆၄၀)၊ ရွှေအုန်းသီးမင်း(အေဒီ ၆၄၀-၆၅၂)၊ ပိတ်သုံမင်း(အေဒီ ၆၅၂-၆၆၁)၊ ပိတ်တောင်းမင်း(အေဒီ ၆၆၁-၇၁၀)၊ မင်းခွေးမင်း(အေဒီ ၇၁၀-၇၁၆)၊ မြင်းကျွေးမင်း(အေဒီ ၇၁၆-၇၂၆)၊ သိင်္ဂမင်း(အေဒီ ၇၂၆-၇၃၄)၊ သိန်းခွန်မင်း(အေဒီ ၇၃၄-၇၄၄)၊ ရွှေလောင်းမင်း(အေဒီ ၇၄၄-၇၅၃)၊ ထွန်ထွင်းမင်း (အေဒီ ၇၅၃-၇၆၂)၊ ရွှေမှောက်မင်း(အေဒီ ၇၆၂-၇၈၅)၊ မွန်လတ်မင်း(အေဒီ ၇၈၅-၈၀၂)၊ စောခင်နှစ်မင်း(အေဒီ ၈၀၂-၈၂၉)၊ ခဲလူးမင်း(အေဒီ ၈၂၉-၈၄၆) ဟု ဖော်ပြခဲ့သည်။ သို့သော် ထိုမင်းများနှင့် ဆက်နွှယ်သည့် အထောက်အထားများကို သုတေသနပြုနေကြရဆဲ ဖြစ်သည်။

ပျဉ်ပြားမင်းသည် အေဒီ ၈၄၆ ခုနှစ်တွင် မင်းဖြစ်လာခဲ့ပြီး သုံးနှစ်အကြာ အေဒီ ၈၄၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပုဂံမြို့ကို ထည်ထောင်ခဲ့သည်။ ပျဉ်ပြားမင်းမှစ၍ ပုဂံခေတ်ကုန်ဆုံးသည်အထိ နန်းတက်ခဲ့သည့် ပုဂံမင်းများ၏ နန်းတက်နှစ်များသည် ရာဇဝင်ကျမ်းတစ်စောင်နှင့်တစ်စောင် မတူညီကြသော်လည်း ကျောက်စာအထောက်အထားနှင့် ခိုင်မာသောကျမ်းများကို ကိုးကားပြုစုခဲ့သည့် တွင်းသင်းရာဇဝင် အလိုအရ ပုဂံမင်းဆက်သည် ၅၆ ပါးဖြစ်သည်။

တွင်းသင်းရာဇဝင်သစ်တွင် ဖော်ပြထားသည့် ပျဉ်ပြားမင်း (၈၄၆-၈၇၆)၊ တန်နက်မင်း(၈၇၆-၈၉၄)၊ စလေမင်းခွေး (၈၉၄-၉၂၄)၊ သိန်းခိုမင်း(၉၂၄-၉၃၆)၊ ညောင်ဦးစောရဟန်းမင်း (၉၄၆-၉၉၁)၊ ကျောင်းဖြူမင်း(၉၉၁-၁၀၁၃)၊ ကျည်စိုးမင်း (၁၀၁၃-၁၀၁၉)၊ စုက္ကတေးမင်း(၁၀၁၉-၁၀၄၄)၊ အနော်ရထာစောမင်း(၁၀၄၄-၁၀၇၇)၊ စောလူးမင်း(၁၀၇၇-၁၀၈၄)၊ ကျန်စစ်သားမင်း(၁၀၈၄-၁၁၁၃)၊ အလောင်းစည်သူမင်း (၁၁၁၃-၁၁၆၀)၊ မင်းရှင်စော(၁၁၆၀)၊ နရသူမင်း (၁၁၆၀-၁၁၆၅)၊ မင်းယဉ်နရသိင်္ခ၊ နရပတိစည်သူမင်း(၁၁၆၅-၁၂၁၁)၊ နားတောင်းဖျားမင်း(၁၂၁၁-၁၂၃၁)၊ ကျစွာမင်း (၁၂၃၅-၁၂၄၉)၊ ဥဇနာမင်း(၁၂၄၉-၁၂၅၆)၊ နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇)၊ ကျော်စွာမင်း(၁၂၈၇-၁၂၉၈)၊ စောနစ်မင်း (၁၂၉၈-၁၃၂၅)နှင့် စောမွန်နစ်(၁၃၂၅-၁၃၆၈)ဟူသည့် ပုဂံမင်းများအနက် ပုဂံခေတ်ကျောက်စာ အထောက်အထားများအရ နရသူမင်းနှင့် နရပတိစည်သူမင်းအကြားတွင် မင်းမရှိဟုဆိုကာ ပုဂံမင်းဆက် ၅၅ ပါးဟု အများစုက လက်ခံကြသည်။

အနော်ရထာမင်းမတိုင်မီ ပုဂံကိုအုပ်စိုးခဲ့သည့် မင်းများအနက် စောရဟန်းမင်းနှင့် ကျောင်းဖြူမင်းတို့သည် ခိုင်ခိုင်လုံလုံ သိရှိရသော မင်းနှစ်ပါးဖြစ်ကြောင်း ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။

**ပုဂံနေပြည်တော်**

ပုဂံသည် ရွာမှ မြို့၊ မြို့မှ မင်းနေပြည်တော် ဖြစ်လာခဲ့ကြောင်း ယူဆရသည့်အပြင် မြို့အမည်သည် ပျူအမည်ဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့ကာ ပုဂံကို ပျူများတည်ခဲ့သည်ဆိုလျှင် ခရစ်နှစ် ၈၄၉ ခုနှစ်ထက် များစွာစောနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင် စသည့်ကျမ်းများတွင် သရေခေတ္တရာပျက်ပြီးနောက် သရေခေတ္တရာမှ ပျူများသည် တောင်ညို၊ ပန်းတောင်းသက်သာ၊ မင်းတုန်းတို့မှ ယုန်လွှတ်ကျွန်းသို့ အဆင့်ဆင့် ပြောင်းရွှေ့လာပြီး ပုဂံကိုတည်ထောင်ခဲ့ကြောင်း ရေးသားထားသဖြင့် ပုဂံဟူသည့်အမည်ကို အများအားဖြင့် ပျူဂါမမှ ပုဂါမ၊ ပုဂါမ်၊ ပုဂံသို့ပြောင်းလဲခဲ့ကြောင်း ဖော်ပြလေ့ရှိကြသည်။



ပုဂံမြင်ကွင်းကျယ်

ဒေါက်တာသန်းထွန်းက အနော်ရထာ အုပ်စိုးခဲ့သည့် ပိုင်နက်နယ်မြေသည် တမ္ပဒီပဖြစ်ပြီး မြစ်သာ ၁၁ ခရိုင်နှင့် မင်းဘူးခြောက်ခရိုင် ပါဝင်ကြောင်း ရေးသားခဲ့သည်။ အနော်ရထာ၏ ပုဂံအင်ပါယာ တမ္ပဒီပသည် တောင်ဘက်တွင် တောင်တွင်း၊ ဧရာဝတီမြစ်ကြောင်းတွင် မိကျောင်းရဲအောက်ဘက် ပြည်တော်သာကျွန်းအထိ၊ မြောက်ဘက်တွင် ဧရာဝတီနှင့် မြစ်ငယ်မြစ်တို့ ဆုံစည်းသည့် တောင်ပြုံးခရိုင်အထိ ဖြစ်သည်။ ပြည်တော်သာကျွန်းသည် မိချောင်းရဲမှ အောက်ဘက်သို့ လေးမိုင်ကွာဝေးသည့် ကျွန်းရှည်ကြီးဖြစ်ကာ စောလူးမင်း အရေးနိမ့်ခဲ့သည့်နေရာဟု ယူဆဖွယ်ရှိသည်။ ဇမ္ဗူဒီပဥဆောင်ကျမ်းတွင် တမ္ပဒီပနယ်ကို ဧရာဝတီမြစ်၏ အရှေ့ဘက်နှင့် တောင်ဘက်ဟု ဖော်ပြထားသည်။

အနော်ရထာနန်းစိုက်ခဲ့သည့် ပုဂံမြို့တော်သည် စွယ်တော်စေတီတော်လေးဆူ တည်ထားသည့် ဧရိယာအတွင်း၌ တည်ရှိခဲ့သည်။ ရွှေစည်းခုံစေတီတော်တည်ထားသည့် ယခု ညောင်ဦးမြို့အနောက်ဘက်၊ လောကနန္ဒာစေတီ တည်ထားသည့် သီရိပစ္စယာရွာ၊ ဧရာဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည့်တောင်နှင့် ပုဂံမှအရှေ့ဘက်သို့ ခြောက်မိုင်ကွာဝေးသည့် တုရင်တောင်တို့သည် ပုဂံ၏ နယ်နိမိတ်အစွန်းများအဖြစ် တည်ရှိခဲ့သည်။

**ပုဂံစေတီပုထိုးများ**

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနယ်မြေ ပုဂံနှင့် ညောင်ဦး တစ်ဝိုက်တွင် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဥမင် အစရှိသည့် သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများစွာ တည်ရှိနေသည်။ ခေတ်အဆက်ဆက် ပုဂံတွင် တည်ထားခဲ့သည့် စေတီပုထိုးများသည် ယနေ့တိုင် ကြွင်းကျန်လျက်ရှိရာ များပြားလှသည့် သာသနိကအဆောက်အအုံများကို 'လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း'ဟုသံပေါက်ဖြင့် မှတ်သားခဲ့ကြသည်။ သံပေါက်အစလေးလုံးဖြစ်သည့် 'လှည်းဝင်ရိုးသံ' အရ ပုဂံတွင် ဘုရားပေါင်းသည် ၄၄၄၆ ဆူရှိခဲ့ကြောင်း ယူဆနိုင်သည်။

အင်းဝခေတ် မိုးညှင်းမင်းတရား(ခရစ်နှစ် ၁၄၂၇-၁၄၈၀)လက်ထက်တွင် ပုဂံဒေသရှိ စေတီပုထိုးများကို စာရင်းကောက်ယူ၍ 'ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း'ဟု အမှတ်အသားပြုခဲ့သဖြင့် ဝင်းဝင်းထိန်လျှံအရ ၄၄၇၄ ဆူဖြစ်သည်။ ကုန်းဘောင်ခေတ်လက်ရာ ဖြစ်ဟန်တူသည့် ကဗျာတွင် 'မြတ်ဘုရားဆူရေ ဖြူရွှေလိုဝင်း ပုဂံပြည် ဘယ်တိုင်းဌာနီမှ စံမမီလွန်ထင်ရှား၊ စောမုနိများ'ဟု ဆိုထားသဖြင့် ပဋိလောမနည်းအရ ဖြူရွှေလိုဝင်းကို နောက်ပြန်ရေတွက်လျှင် ပုဂံရှိ စေတီပုထိုးအရေအတွက်သည် ၄၄၄၅ ဆူ ဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူထားသော စာရင်းများအရ ပုဂံဒေသရှိ စေတီပုထိုးများ အရေအတွက်သည် ၂၂၁၇ ဆူရှိကာ 'ကျောင်းကြီးအုတ်နီကိန်းနှင့်ညီ စေတီဂူဘုရား'ဟု ယခင်က မှတ်တမ်းပြုခဲ့သည်။ သို့သော် ယူနက်စ်ကိုအဖွဲ့၏ အကူအညီဖြင့် ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ပြင်သစ်လူမျိုး ဗိသုကာပညာရှင် Pierre Pichard ကောက်ယူခဲ့သည့် စာရင်းအရ ပုဂံ စေတီပုထိုးများ အရေအတွက်သည် ၂၈၃၄ ဆူဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ပုဂံ၌ ငလျင်လှုပ်ပြီးနောက် ပုဂံရှိ စေတီပုထိုးများအပါအဝင် ရှေးဟောင်းအဆောက်အအုံများကို စာရင်းပြန်လည်ကောက်ယူခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ပြန်လည်တည်ခဲ့သည့် ကုန်းဘုရားများနှင့် မတူးဖော်ရသေးသည့်ကုန်းများ အပါအဝင် ၃၈၂၂ ဆူရှိကြောင်း သိရှိရပေသည်။

ပုဂံသည် ခရစ်နှစ် ၁၀ ရာစုတွင် အခြေခိုင်နေခဲ့ပြီဖြစ်ပြီး ၁၁ ရာစုမှစ၍ စေတီပုထိုးများကို ပုဂံနယ်မြေအတွင်း တည်ထားခဲ့ကြသည်။ ထိုအချိန်တွင် ပုဂံပြည်သူများသည် ဗုဒ္ဓဘာသာအပြင် နတ်၊ မဟာယာနနှင့် အခြားဝါဒများကိုလည်း ကိုးကွယ်ခဲ့ကြသည်။

ပုဂံ၏အကျယ်အဝန်းသည် ပုဂံမှတောင်ဘက်သို့ လေးမိုင်ဝေးသည့် တွင်းရွာ၊ တွင်းရွာမှ အရှေ့မြောက်ဘက် လေးမိုင်အကွာရှိ ကုန်းတန်းကြီးရွာ၊ ကုန်းတန်းကြီးမှ မြောက်သို့ နှစ်မိုင်ခွဲအကွာရှိ တက်သေးရွာ၊ တက်သေးရွာမှ အနောက်ဘက် နှစ်မိုင်အကွာရှိ ကျောက်ဂူဥမင်တည်နေရာ၊ ကျောက်ဂူဥမင်မှ တောင်ဘက်သို့ ဧရာဝတီမြစ်ကမ်းအတိုင်း ၁၁ မိုင်ဝေးသည့် တွင်းရွာအထိ ပတ်ပတ်လည် အရှည် ၁၉ မိုင်ခွဲရှိသည်။

ပုဂံပြည်သူပြည်သားများသည် ဘုရားတန်ဆောင်း၊ ဂူ၊ ကျောင်းပြာသာဒ် များစွာကို တည်ဆောက်လှူဒါန်းခဲ့ကြကာ ကျောက်စာများ ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ နံရံပန်းချီများစွာကိုလည်း ရေးဆွဲခဲ့ကြသည်။ ပုဂံဒေသရှိ ကြီးမားသော ဂူဘုရားကြီးများကို ဘုရင်များကတည်ခဲ့ပြီး တံတိုင်းနှစ်ထပ်ကာရံလေ့ရှိခဲ့သည်။ အတန်အသင့်ကြီးမားသော အဆောက်အအုံများကို မှူးမတ်ဗိုလ်ပါများက တည်ထားခဲ့ကြကာ အရွယ်ငယ်သည့် အဆောက်အအုံများကို သူဌေးသူကြွယ်များနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

**ပုဂံခေတ် အဆောက်အအုံများ**

ပုဂံခေတ်တွင် နန်းတော်အပါအဝင် လူနေအဆောက်အအုံများကို သစ်ဝါးများဖြင့် တည်ဆောက်ခဲ့သဖြင့် ယခုအချိန်၌ သစ်သားအဆောက်အအုံ အကြွင်းအကျန်များကို မတွေ့ရှိရတော့သော်လည်း အုတ်၊ ကျောက်များဖြင့် တည်ဆောက်ခဲ့သည့် စေတီပုထိုးများကိုမူ မြင်တွေ့နေကြရသည်။ ပုဂံရှိ နန်းတော်အဆောက်အအုံများတွင် အောက်ခံပန္နက်ကိုသာ အုတ်ဖြင့်တည်ဆောက်ပြီး အပေါ်ပိုင်း အဆောက်အအုံများကို သစ်ဖြင့်တည်ဆောက်ခဲ့ကြသည်။

ပုဂံမြို့ဟောင်း ရွှေဂူကြီးဘုရားအနီးရှိ ကျန်စစ်သားမင်းနန်းတော်ဟု ယာယီသတ်မှတ်ထားသည့် အောင်မြေကုန်းကို ၁၉၉၀ ပြည့်နှစ်တွင် တူးဖော်ခဲ့ရာ သစ်သားတိုင်များစိုက်ခဲ့သည့် ကျင်းများကို တွေ့ရှိခဲ့ရပြီး အချို့ကျင်းများတွင် ဆွေးမြည့်နေသည့် သစ်သားတိုင်အစအနများ ကျန်ရှိနေပေသည်။

ရှေးဟောင်းသုတေသန တူးဖော်မှုများ၊ ကျောက်စာများ၊ နံရံဆေးပန်းချီများ၊ စေတီပုထိုးမှတ်တမ်းများ အစရှိသည့် အထောက်အထားများဖြင့် ပုဂံသမိုင်းကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ပညာရှင်များက ခရစ်နှစ် ၉ ရာစု နှောင်းပိုင်းတွင် ပုဂံသည် မြန်မာ့အုပ်ချုပ်ရေး ဗဟိုအချက်အချာဖြစ်ခဲ့ကြောင်း ယူဆကြသည်။ ထိုအချိန်မှစ၍ ဘုရင်စနစ်ကို ကျင့်သုံးခဲ့သည့် ပုဂံခေတ်တွင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု အနုလက်ရာ၊ စာပေများ ထွန်းကားခဲ့ရာ ပုဂံသမိုင်းသည် လေ့လာမဆုံးနိုင်အောင် ကျယ်ဝန်းကြီးမားခဲ့ပေသည်။

ထို့ကြောင့်လည်း ပုဂံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစရှိသည့် နယ်ပယ်ပေါင်းစုံကို ပိုမိုတိကျစွာ ဖော်ထုတ်နိုင်ရန် ပညာရှင်များနှင့် သုတေသီများက သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြဆဲ ဖြစ်ပေသည်။

ငလျင်အပါအဝင် သဘာဝဘေးဒဏ်များကြောင့် ပုဂံစေတီပုထိုးများသည် ပြိုကျပျက်စီးမှုများ ရှိခဲ့သည်။ ပျက်စီးသွားသည့် စေတီပုထိုးများကို ပြင်ဆင်ကြရာတွင် ပြန်လည်တည်ဆောက်ခြင်းထက် အပျက်ကို ဆက်မပျက်စေရန် ထိန်းသိမ်းထားခြင်းက ပို၍တန်ဖိုးရှိပေသည်။ မြန်မာလူမျိုးအများစုက စေတီပုထိုးများသည် သစ်လွင်၍ ရွှေရောင်ဝင်းနေမှသာ ကြည်ညိုဖွယ်အဆင်းကိုဆောင်သည်ဟု ယူဆလေ့ရှိကြသည်။ သို့သော် ရွှေရောင်မဝင်းသည့် ရှေးဟောင်း စေတီပုထိုးအိုများသည် ရွှေရောင်ဝင်းနေသည့် ခေတ်လက်ရာများထက် သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုး များစွာပို၍မြင့်မားကြောင်း သိရှိခံယူနိုင်ကြသည်နှင့်အမျှ ပုဂံအပါအဝင် မြန်မာနိုင်ငံအနှံ့ရှိ ရှေးဟောင်း စေတီပုထိုး အဆောက်အအုံများကို တန်ဖိုးထား ထိန်းသိမ်းလာနိုင်ကြမည် ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) တွင်းသင်းမဟာရာဇဝင်သစ်(ပထမတွဲ)**
**(၂) ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**
**(၃) ပုဂံခေတ် နိုင်ငံရေးသမိုင်း(ဒေါက်တာသန်းထွန်း)**
**(၄) ပုဂံခေတ် အခြေအနေ(အေဒီ ၁၀၄၄-၁၃၆၈)**
**(ဒေါက်တာဒေါ်အေးလှ)**

# ပုဂံ၌ လက်မှုပညာ သဲပန်းချီဆွဲသူ နည်းပါးလာ

**ပုဂံ ဖေဖော်ဝါရီ ၁၂**

မြန်မာ့ယဉ်ကျေးမှုရှေးဟောင်းနယ်မြေ ပုဂံမှ မြန်မာ့လက်မှုပညာတစ်ခုဖြစ်သော သဲပန်းချီကားများကို ဝယ်ယူသူ နည်းပါးလာသောကြောင့် သဲပန်းချီရေးဆွဲသူများလည်း အရေအတွက် နည်းပါးလာလျက်ရှိသည်ဟု သိရသည်။

"သဲပန်းချီကို ပြည်ပဧည့်သည်က စိတ်ဝင်စားမှုများတယ်၊ ပြည်တွင်းကတော့ ဝယ်တာနည်းတာပေါ့၊ ဒီနှစ်ထဲမှာ ပြည်ပဧည့်သည် အလာနည်းတော့ သဲပန်းချီလည်း သိပ်မရောင်းရဘူး၊ ဧည့်ပါးတော့ ဒီနှစ်ပိုင်းမှာ သဲပန်းချီဆွဲတဲ့သူလည်း နည်းသွားတယ်၊ သဲပန်းချီက ရောင်းအားလည်းပါးတယ်၊ တချို့ဘုရားတွေကလည်း ဈေးရောင်းခွင့်ပိတ်လိုက်တော့ သဲပန်းချီမဆွဲကြတော့ဘူး၊ လက်ပန်းချီပဲ ဆွဲကြတော့တယ်"ဟု သဗ္ဗညုဘုရားအတွင်း သဲပန်းချီ ရေးဆွဲရောင်းချသူတစ်ဦးက ပြောသည်။

သဲပန်းချီမှာ အရွယ်အစားအမျိုးမျိုး၊ ရုပ်ပုံအမျိုးမျိုးရှိပြီး အရွယ်အစားနှင့် အနုစိတ်လက်ရာအပေါ် မူတည်၍ ဈေးနှုန်းမှာလည်း အမျိုးမျိုးရှိသည်ဟု သိရသည်။ သဲပန်းချီရေးဆွဲရသည်မှာ အချိန်ပေးရပြီး ခက်ခဲသော်လည်း ငွေကြေးရရှိရန် အချိန်ကြာပြီး ဝယ်ယူသူ နည်းပါးလာခြင်းတို့ကြောင့် သဲပန်းချီရေးဆွဲသူလည်း နည်းပါးလာရခြင်းဖြစ်သည်ဟု သိရသည်။



"လက်ပန်းချီက ဆွဲရတာလွယ်တော့ လက်ပန်းချီကိုပဲ ပြောင်းဆွဲလာကြတာ များတယ်၊ သဲပန်းချီကတော့ ခက်တယ်၊ ပိတ်အုပ်ဝယ် မီးပူကိုင်တယ်၊ ကော်သုတ်တယ်၊ သဲကိုင်တယ်ဆိုရင် သဲကလည်း တစ်ခါတည်းနဲ့မပြီးဘူး၊ ကော်သုံးလေးထပ်လောက် သုတ်ရတယ်၊ ပန်းချီကားတစ်ကားကို သုံးလေးရက်လောက် ကြာတယ်၊ ထွင်းတာနဲ့ ဖောင်းကြွတွေက ပိုခက်တယ်၊ ဖောင်းကြွပုံစံတွေက ဈေးလည်းပိုများတယ်၊ သဲပန်းချီက ပြည်ပဧည့်သည်ကိုပဲမျှော်ပြီး ရောင်းနေရတယ်၊ ပြည်တွင်းဧည့်သည်က ဝယ်တာနည်းတယ်၊ ဒီနှစ်က ပြည်ပဧည့်ပါးတော့ ရောင်းအားလည်းပါးနေတယ်"ဟု ပုဂံမြို့ဟောင်းမှ သဲပန်းချီရေးဆွဲရောင်းချသူ ကိုပြည့်စုံက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ကန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ဖြတ်သန်းသွားလာရန် အသိပေးထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းများပေါ်ရှိ B.O.T လမ်း/တံတားဂိတ်များတွင် တပ်ဆင်အသုံးပြုသည့် ကတ္တားများသည် ဂိတ်တစ်ခုနှင့်တစ်ခု အလေးချိန်ကွာဟမှုကြောင့် တိုးလ်ဂိတ်များတွင် မကြာခဏ အငြင်းပွားမှုရှိလာသဖြင့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိသည့် ကတ္တားကုမ္ပဏီတို့ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ လမ်း/တံတားတိုးလ်ဂိတ်များတွင်ရှိသော ကတ္တားများအားလုံးကို အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုသို့ ကတ္တားများ အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း တိုးလ်ဂိတ်များတွင် ကုန်တင်ယာဉ်များအား တင်ဆောင်လာသော (ယာဉ်+ကုန်)တန်ချိန်အတိုင်း ဖြေလျှော့ဖြတ်သန်းခွင့်ပြုပေးလျက်ရှိရာမှ ယခုအခါ ကတ္တားများ အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ လမ်း/တံတားတိုးလ်ဂိတ်များတွင် ကုန်တင်ယာဉ်များကို ကတ္တားချိန်တွယ်ရာ၌ ယင်းတိုးလ်ဂိတ်ရှိ ကတ္တား၏ အလေးချိန်အတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၁၂**

ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်နှင့် မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်နှင့် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်အေးအေးကြူက မြစိမ်းရောင်စံပြကျေးရွာများကို ဆုရွေးချယ်ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖျာပုံခရိုင်အတွင်း၌ မြစိမ်းရောင်စံပြကျေးရွာ ပထမဆုရသည့် ကျိုက်လတ်မြို့နယ်မှ ဒါနချောင်းကျေးရွာ၊ ဒုတိယဆုရသည့် ဖျာပုံမြို့နယ်မှ သမိန်ထောသိမ်ကုန်းကျေးရွာ၊ တတိယဆုရသည့် ဘိုကလေးမြို့နယ်မှ သကံငူကျေးရွာ၊ စတုတ္ထဆုရသည့် ဒေးဒရဲမြို့နယ်မှ မော်ဘီကျေးရွာတို့ကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တက်ရောက်ကြသည့် ကျေးရွာများမှ မြစိမ်းရောင် စီမံကိန်းကော်မတီဝင်များက စီမံကိန်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ဖျာပုံခရိုင်အတွင်း၌ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ် ကျေးရွာများတို၍ ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၈ ခုနှစ်အထိ ကျေးရွာပေါင်း ၂၆၃ ရွာတွင် စီမံကိန်းကို အကောင်အထည်ဖော်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ကျီခါးမြို့ပတ်လမ်းကို ၁၈ ပေအကျယ် တိုးချဲ့ဖောက်လုပ်မှုလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကျီခါး ဖေဖော်ဝါရီ ၁၂**

ချင်းပြည်နယ် ကျီခါးမြို့သာယာလှပရေးနှင့် ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးတို့ကို ရည်ရွယ်၍ မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းအပြင် မြို့ပတ်လမ်းကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေလျက်ရှိကြောင်း ကျီခါးမြို့စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ကျီခါးမြို့တွင် ဗိုလ်ချုပ်လမ်းမကြီးနှင့် မြို့ပတ်လမ်း နှစ်လမ်းရှိရာ ဗိုလ်ချုပ်လမ်းမကြီးကို ယခင်နှစ်များက ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ခင်းကျင်းထားပြီး ယခင် ၁၂ ပေအကျယ် ဖောက်လုပ်ထားသော မြို့ပတ်လမ်းကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေး ရန်ပုံငွေကျပ်သိန်း ၂၅၀ ဖြင့် အကျယ် ၁၈ ပေ မြေသားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ မြို့ပတ်လမ်း တိုးချဲ့ဖောက်လုပ်ခြင်းအားဖြင့် အိမ်ခြေများစွာ ဆောက်လုပ်နိုင်မည်ဖြစ်သည့်အပြင် လူနေအိမ်ခြေ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ လမ်းမကြီးများ၊ လူနေအိမ်ကြားလမ်းများ တိုးချဲ့ဖောက်လုပ်ထားခြင်းသည် မြို့အင်္ဂါရပ်နှင့် ညီညွတ်လျက်ရှိကြောင်း၊ မြို့တွင်းသွားလာဆက်သွယ်မှုအတွက် မရှိမဖြစ်လိုအပ်သော ဒေသဖွံ့ဖြိုးမှုတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်လမ်းမကြီးကိုလည်း ၁၈ ပေမှ ပေ ၅၀ အဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့စည်ပင်သာယာရေးကော်မတီမှ သိရသည်။ **နေစု(ချင်းရိုးမ)**

# စကောကရင် စာပေနှင့် နွေရာသီယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိ

**မင်းလှ ဖေဖော်ဝါရီ ၁၂**

သာယာဝတီခရိုင် မင်းလှမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စုနေ ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ရိုးရာ ကရင်စကားများကို ကျွမ်းကျင်စွာပြောဆိုတတ်စေရန် ရည်ရွယ်၍ စကောကရင်စာပေနှင့် နွေရာသီယဉ်ကျေးမှုသင်တန်းကို တာကျိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။



အဆိုပါသင်တန်းကို ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ပြီး ကရင်ဆရာမ နော်ထူးရာညွန့်က ဦးဆောင်သင်ကြားပေးရာ ကရင်စာပေနှင့် ဘာသာစကား အားနည်းသူ ဒေသခံ ကရင်လူကြီး လူငယ်များ စိတ်ဝင်တစား တက်ရောက်သင်ကြားနေကြကြောင်းနှင့် သင်တန်းကို တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

# နန်းဖာလုံဈေးမီးလောင်မှုမှ မီးဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်

**တမူး ဖေဖော်ဝါရီ ၁၂**

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နန်းဖာလုံဈေးမီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သည့် ပြည်သူများအား အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က တမူးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး မီးဘေးသင့် ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေကျပ် ၇၅ သိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ အလှူငွေကျပ် ၇၅ သိန်း၊ ပါရမီဂရု(ပ်) နှင့် မဇ္ဈိမ ဖောင်ဒေးရှင်းတို့က အလှူငွေကျပ်သိန်း ၅၀၊ နယ်စပ်ကုန်သည်များအသင်း(တမူး)မှ ငွေကျပ် ၁၀ သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၂၁၀၊ အိမ်ခြောက်လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ်နှစ်သိန်းစီဖြင့် ၁၂ သိန်းနှင့် အိမ်ထောင်စုသုံး ထောက်ပံ့ပစ္စည်း (Family Kits)များကို ပေးအပ်ကြရာ မီးဘေးသင့်ပြည်သူများက လက်ခံရယူပြီး မီးဘေးသင့်ပြည်သူများကိုယ်စား နန်းဖာလုံဈေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျေးရွာ ငါးရွာ၌ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်မည်

**တောင်သာ ဖေဖော်ဝါရီ ၁၂**

တောင်သာမြို့နယ်အတွင်းရှိ အေးရွာ၊ အိုင်သာရွာ၊ ထနောင်းကုန်း(မ)ကျေးရွာ၊ မကြီးချိုကျေးရွာနှင့် ဆီဆုံကုန်းကျေးရွာများတွင် လျှပ်ဓာတ်အားရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၁၇၀၀ ခန့်ဖြင့် ထရန်စဖော်မာများ အသစ်တပ်ဆင်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါအောင်မြင်ခဲ့သည့် ဒို့ဧရာဝတီကုမ္ပဏီနှင့် ရောင်စဉ်တိုးကုမ္ပဏီမှ တာဝန်ရှိသူများအား တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်းနှင့် မြို့နယ်တင်ဒါစိစစ်ရေးကော်မတီမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် တွေ့ဆုံ၍ စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပြီး တင်ဒါရသော ကုမ္ပဏီများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ဗိုလ်တထောင်စေတီတော် ထီးတော်သစ်တင်လှူခြင်းနှင့် ဘက်စုံပြုပြင်မှု ဆောင်ရွက်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းကို လေးနှစ်တစ်ကြိမ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်အသစ် ကပ်လှူပူဇော်ခြင်းနှင့်အတူ ဘက်စုံပြုပြင်ရန် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်က ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

"စေတီတော်ကို လေးနှစ်တစ်ကြိမ် ရွှေသင်္ကန်း ကပ်လှူဖို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကို ဖိတ်ခေါ်ပြီး စေတီတော်ကိုယ်လုံးတော် ကြံ့ခိုင်မှုကို စစ်ဆေးတော့ အထဲမှာ ရေယိုတာ၊ အက်နေတာတွေ့ရတယ်၊ စေတီတော်ကြီးက လိုဏ်ကအထဲမှာ အောက်မှာတစ်ဆင့်ရှိတာ လူတွေသိပေမယ့် အပေါ်မှာ နှစ်ဆင့်ရှိသေးတယ်၊ အဲ့ဒီနှစ်ဆင့်လည်း အက်ကြောင်းက ရေယိုနေတာ တွေ့ရတယ်၊ တိုင်းဒေသကြီး ဥက္ကဋ္ဌဆရာတော်၊ နာယကဆရာတော်တို့ရဲ့ ဩဝါဒနဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဆီ လမ်းညွှန်မှုကိုခံယူပြီး ပြန်လည်ပြုပြင်ဖို့ စစ်ဆေးတဲ့အခါမှာ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တွေလည်း ပျက်စီးမှုများတဲ့အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမှုနဲ့အတူ အသစ်ပြန်လည်ပူဇော်ဖို့ အစီအစဉ်ဖြစ်ခဲ့တာပါ"ဟု ဗိုလ်တထောင်ဆံတော်ဦးစေတီ အလှည့်ကျဂေါပကတာဝန်ခံ ဦးမျိုးမြင့်က ပြောသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ချ၍ ဧပြီ ၂၉ ရက် (ကဆုန်လပြည့်နေ့)တွင် ရွှေပြားအစစ်ဖြင့် ရွှေတိဂုံစေတီတော်မြတ် ထီးတော်အတိုင်း ထီးတော်ကိုလည်း ပြန်လည်ကပ်လှူကာ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကိုလည်း အသစ်ပြန်လည်ကပ်လှူလျက် ဘက်စုံမွမ်းမံမှုကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ဗိုလ်တထောင်စေတီတော်ကို ၁၉၉၈ ခုနှစ်တွင် ထီးတော်အသစ်တင်ခဲ့ပြီး ယခုတင်လှူထားသော ထီးတော်မှာ နာဂစ်မုန်တိုင်းကြောင့် ပန်းလက်ရာများ တိမ်းစောင်းကာ ထီးတော်ကိုထိန်းထားသော ဆိုင်းကြိုးများလည်း လျော့ကျနေ၍ စိန်ဖူးတော်ကိုလည်း ပြန်လည်ပြုပြင်ရန် လိုအပ်နေပြီး ကပ်လှူထားသော လက်ဝတ်ရတနာများမှ အချို့မှာလည်း ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများ ရှိနေသည့်အတွက် ယခုလို လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူမှုနှင့်အတူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို အသစ်ပြန်လည်တင်လှူရန် စီမံဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

စေတီတော် ထီးတော်သစ် တင်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံရာတွင် သာသနာ၏အထွဋ်အထိပ်ဖြစ်သော ဆံတော်ပူဇော်ရာ စေတီတော်ဖြစ်သောကြောင့် ထပ်မံတင်လှူမည့် ရတနာများနှင့် လှူဒါန်းမည့်ရတနာများကို စစ်ဆေးလက်ခံပြီးမှ အစစ်များကိုသာ ကပ်လှူသွားမည်ဖြစ်ကြောင်းနှင့် ထီးတော်ကို ဦးစွာတင်လှူပူဇော်ကာ ဘက်စုံပြုပြင်မွမ်းမံမှုများကို နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗိုလ်တထောင်စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်း ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သစ္စာ**



# မိဘမဲ့ကျောင်းနှင့် ပရဟိတဂေဟာများသို့ ဆန်၊ ဆီနှင့် ငွေသား ထောက်ပံ့လှူဒါန်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ မိဘမဲ့ကျောင်းနှင့် ပရဟိတဂေဟာများသို့ တရုတ်နိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးရုံးမှ ဆန်၊ ဆီနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အံတော်ရှင်စေတီတော်ဝင်းအတွင်းရှိ တောင်တန်းသာသနာပြု (ဗဟို)ကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက် ဆရာတော် ဒေါက်တာအရှင်ဥာဏဇေက ကျောင်းတိုက်အတွင်း ပရဟိတကျောင်းသားများအား လက်ခံ၍ ပညာသင်ကြားပေးနေမှု အခြေအနေများနှင့် နေထိုင်ကျွေးမွေးစောင့်ရှောက်ထားမှု အခြေအနေများကို ရှင်းလင်းမိန့်ကြားပြီး ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးရုံး တာဝန်ခံ Mr.Yang Cun Bao က ပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများနှင့် မိဘမဲ့ကလေးငယ်များအား ဆန်၊ ဆီနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထိန်ချျးမြို့ ဟောင်ဖာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ Mr.Li Zheng Ming က ဆန် ခြောက်အိတ်၊ ဆီ ၅၀ ပိဿာနှင့် အလှူငွေ ကျပ်ခြောက်သိန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ခဲ့သည်။

အလားတူ ပေါင်စန်းဆက်ဆံရေးရုံး တာဝန်ခံနှင့် တရုတ်ကုမ္ပဏီ ကိုးခုတို့သည် မြစ်ကြီးနားမြို့ပေါ်ရှိ နေခြည်လူငယ်ဖွံ့ဖြိုးရေးဂေဟာ၊ ရန်အောင်မြင် ပရဟိတဂေဟာ၊ မေတ္တာရင်ခွင် ပရဟိတဂေဟာ၊ အောင်တော်မူကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေးကျောင်း၊ မြစ်ကြီးနားမြို့ ခရစ်ယာန်မျက်မမြင်ကျောင်းနှင့် မေတ္တာရိပ်မြုံ ပရဟိတဂေဟာတို့သို့ ဆက်လက်သွားရောက်ကာ ငွေသား ကျပ်သိန်း ၇၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် အလှူငွေများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူများအတွက် ပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက် ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန်အတွက် ကိစ္စရပ်များနှင့် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း အုန်းချောကျေးရွာရှိ ဇေရီစံခန်းမ၌ ကျင်းပသည်။

အဆိုပါပညာပေးဟောပြောပွဲသို့ ကြာနီကန်၊ ထုံးဘို၊ အုန်းချော၊ ကြူဝန်း၊ အိုင်ကြီးနှင့် ကုလားကြီးခြံရွာများမှ ခွဲကျောက်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းပိုင်ရှင်များ၊ ကျောက်ထုတ်လုပ်သားများ၊ ကျောက်သယ်မော်တော်ယာဉ်မှူးများနှင့် ယာဉ်နောက်လိုက်များ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ကြသည်။

ဟောပြောပွဲ၌ မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်ထုတ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်စွာစိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းကြွယ်က ကျောက်တူးဖော်ထုတ်လုပ်ရာတွင် တည်ဆောက်ရေးနှင့် တူးဖော်ရေးလုပ်ငန်းများအတွက် မြေနေရာ ကျယ်ပြန့်စွာအသုံးပြုခြင်း၊ အပေါ်ယံမြေလွှာများ ဖယ်ရှားရခြင်း၊ လွန်တူးဖော်ခြင်း၊ မိုင်းခွဲခြင်း၊ သတ္တုပါမြေစာများ စုပုံထားရှိခြင်း၊ အဆိပ်သင့်နိုင်သည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း စသည်တို့ကြောင့် လူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ခြင်း စသည့် ကျောက်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်နိုင်မှုကြောင့် ဆိုးကျိုးများဖြစ်ပေါ်ရခြင်း ယမ်းဖောက်ခွဲမှုမှ ကျောက်မှုန့်နှင့် ယမ်းငွေ့များကြောင့် လေထုညစ်ညမ်း၍ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါများ စသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများနှင့် မိုင်းခွဲခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် တုန်ခါမှုနှင့် အသံဆူညံမှုများကြောင့် ဂေဟစနစ်ကို ထိခိုက်စေနိုင်ခြင်းနှင့် ကျောက်ထုတ်လုပ်ငန်း ဆောင်ရွက်မှုကြောင့် ကောင်းကျိုးရရှိခြင်းများအပြင် ကျောက်ထုတ်လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့်ကိစ္စရပ်များ စည်းကမ်းချက်များကို ပြောကြားသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်သောကြောင့် ပျဉ်းမနားမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ပျဉ်းမနားမြို့ ပေါင်းလောင်း (၂)ရပ်ကွက်ရှိ လျှပ်စစ်နှင့်အသုံးပြုသောလုပ်ငန်းရှင်များ၏ အလုပ်ရုံများ၊ မုန့်တိုက်များသို့ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ် အရန်မီးသတ်တပ်ဖွဲ့က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ် အရန်မီးသတ်တပ်ခွဲမှူး ဦးဆန်းမင်းအောင်နှင့် တပ်ဖွဲ့ဝင် ၂၀ က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ရွာကောက်ရပ်ကွက်အတွင်းရှိ အလုပ်ရုံများ၊ မုန့်တိုက်များတွင် လျှပ်စစ်မီးအသုံးပြုမှုအခြေအနေ၊ အသုံးပြုလျက်ရှိသော လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု ရှိ/မရှိ လိုက်လံစစ်ဆေးကြပြီး ဆွေးမြည့်ဟောင်းနွမ်းနေသော လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ရည်ရှိသော လျှပ်စစ်ဝိုင်ယာများဖြင့် ပြောင်းလဲအသုံးပြုရန် လုပ်ငန်းရှင်များအား မှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၂**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ကိုယ်စား ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်းက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်အကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများဆင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၆၈)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၃၂)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၁) သင်တန်းများ ဆင်းပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းများသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းစုစုပေါင်း ၁၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၁၇ နိုဝင်ဘာလအတွင်းမှ ၂၀၁၈ ဖေဖော်ဝါရီ ၉ ရက်အထိ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

**ဗထူး**

# ပုဂံဒေသကို ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်အဖြစ် မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံဒေသကို ရေရှည်တည်တံ့ခိုင်မြဲသော ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်အဖြစ် မြှင့်တင်နိုင်ရေးအတွက် အာဆီယံ-ကိုရီးယား ခရီးသွားလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ(ASEAN-Korea Tourism Capacity Building Workshop)ကို ဖေဖော်ဝါရီ ၉ ရက်က ပုဂံမြို့ရှိ Aye Yar River View Resort တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပုဂံဒေသအား ရေရှည်တည်တံ့ခိုင်မြဲသော ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်အဖြစ် မြှင့်တင်ရေးနှင့် ကိုရီးယားခရီးသွားဧည့်သည်များ ပုဂံဒေသသို့ ပိုမိုလာရောက်ရေး ရည်ရွယ်၍ Promoting Bagan as a Sustainable Cultural Heritage Tourism Destination ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အာဆီယံ-ကိုရီးယား ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူး H.E Kim Young-sun က အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E Lee Sang-hwa က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ကဏ္ဍအလိုက်ဆွေးနွေးကြရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က 'မြန်မာ-ကိုရီးယား ခရီးသွားလုပ်ငန်း ဆက်ဆံရေးအပေါ် ခြုံငုံသုံးသပ်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Sejong University မှ ပါမောက္ခ Lee Seul-ki နှင့် ပုဂံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဝိတ်က 'ပုဂံဒေသအား ရေရှည်တည်တံ့ခိုင်မြဲသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ခြင်း'ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားနိုင်ငံ Redcap Tour ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဦးကျော်မင်းထင်တို့က 'ကိုရီးယားနိုင်ငံ၌ ပုဂံခရီးသွားမြှင့်တင်ရေးအတွက် ဈေးကွက်မဟာဗျူဟာများ'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကိုရီးယားနိုင်ငံ Busan University မှ ပါမောက္ခ Park Jang-sik က 'ကိုရီးယားယဉ်ကျေးမှု ကိုရီးယားကမ္ဘာလှည့်ခရီးသွားများ၏ သဏ္ဍာန်'ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး ဆက်လက်၍ စုပေါင်းဆွေးနွေးခြင်းနှင့် အမေးအဖြေကဏ္ဍများကိုလည်း ပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံ-ကိုရီးယားဗဟိုဌာနမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ Sejong University နှင့် Busan University တို့၏ Foreign Studies မှ မြန်မာစာအထူးပြု ကျောင်းသားကျောင်းသူများ၊ ပုဂံဒေသရှိ အစိုးရနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းနယ်ပယ်မှ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ၊ ကိုရီးယားဘာသာစကား ဧည့်လမ်းညွှန်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

# အမှိုက်မရှိတဲ့ မြို့တစ်မြို့

**ညွန့်ဝေမောင်(ငါးလုပ်ငန်းဦးစီးဌာန)**



ပုသိမ်မြို့အဝင်ဆိုင်းဘုတ်

ကျွန်တော်သည် အမှိုက်မရှိသောမြို့များတွင် နေထိုင်ခွင့်ရခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ နေထိုင်ခွင့်ရခဲ့သဖြင့်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဂုဏ်ယူမိပါသည်။ လွန်ခဲ့သော လေးငါးလခန့်က ထားဝယ်မြို့သည် အမှိုက်ကင်းရှင်း သန့်ရှင်းသည့် မြို့တစ်မြို့အဖြစ် သတင်းတစ်ပုဒ် ဖတ်ရသည်။ ကျွန်တော်သည် လွန်ခဲ့သော ၂၀၁၂ ခုနှစ်ခန့်က ထားဝယ်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ကိုယ်နေခဲ့ဖူးသော မြို့ကလေးအတွက် ဂုဏ်ယူခြင်း ဖြစ်မိပါသည်။

ယခုအခါ ကျွန်တော်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တာဝန်ထမ်းဆောင်နေပါသည်။ ကျွန်တော် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဌာနကားဖြင့် သွားရောက်စဉ်က အမှိုက်စွန့်ပစ်လို၍ လမ်းတစ်လျှောက်လုံး အမှိုက်စွန့်ပစ်ရန်နေရာ ရှာဖွေမိပါသည်။ မြို့လယ်လမ်းမကြီးတစ်လျှောက်တွင် အမှိုက်ပုံး မတွေ့ပါ။ သို့သော် လမ်းပေါ်တွင်လည်း အမှိုက်စများ လုံးဝနီးပါး မတွေ့ရှိရပါ။

ထိုစဉ် လမ်းဘေး၌ စည်ပင်သာယာဌာန အမှိုက်သိမ်းကားတစ်စီးက အမှိုက်သိမ်းနေပြီး ရပ်ကွက်ထဲမှ ပြည်သူများက အမှိုက်အိတ်ကိုယ်စီဖြင့် အမှိုက်သိမ်းကားဆီသို့ လာရောက်ပေးပို့နေသည်ကို တွေ့ရသည်။ အမှိုက်အိတ်များမှာ လုံလုံခြုံခြုံ ထုပ်ပိုးထားပြီး အမှိုက်များ တစွန်းတစကျနေသည်ကိုမှ မတွေ့ရဘဲ သပ်သပ်ရပ်ရပ် ရှိလှပါသည်။

ကျွန်တော်သည် မြို့တွင်းလမ်းမကြီးမှ ကမ်းနားလမ်းအတိုင်း သွားရောက်ရာတွင်လည်း အမှိုက်ပုံ၊ အမှိုက်ပုံးများ မတွေ့ရှိခဲ့ရပါ။ ထို့နောက်ဌာနတွင် အလှပန်းပင်များစိုက်ပျိုးရန် တဂေါင်းဘုရားအနီးရှိ ပန်းပျိုးပင်များရောင်းသည့်ခြံသို့ သွားရောက်ရာ လမ်းတစ်လျှောက်တွင် အမှိုက်ပုံးနေရာရှာဖွေသော်လည်း မတွေ့ရသဖြင့် ခြံအတွင်းအမှိုက်ပုံးတွင်သာ ကျွန်တော်စွန့်ပစ်လိုသော အမှိုက်တစ်စနစ်စကို စွန့်ပစ်ခဲ့ရသည်။

**“ကျွန်တော်၏ယာဉ်မောင်းအား ‘မင်းတို့မြို့က အမှိုက်ပုံးလည်းမရှိ၊ အမှိုက်လည်းမရှိ မှတ်တမ်းတင်ရမယ့် မြို့တစ်မြို့ပဲကွ၊ မြို့သူမြို့သားတွေလည်း စည်းကမ်းရှိ၊ စည်ပင်က အမှိုက်သိမ်းစနစ်ကလည်း ကောင်းတယ်ကွ’ဟု ပြောမိခဲ့ပါသည်၊ မြို့အတွင်းတစ်နေရာ လမ်းကြားတစ်ခုတွင် အမှိုက်ပုံနေရာတစ်ခုကို တွေ့ရှိခဲ့ရသော်လည်း အခြားမြို့များကဲ့သို့ အမှိုက်များစွာ ပျံ့လွင့်နေမှုမရှိသည်ကို တွေ့ရှိရပါသည်”**


သန့်ရှင်းသပ်ရပ်နေသည့် ပုသိမ်မြို့တွင်း တစ်နေရာ

ထို့ကြောင့်ကျွန်တော်၏ယာဉ်မောင်းအား “မင်းတို့မြို့က အမှိုက်ပုံးလည်းမရှိ၊ အမှိုက်လည်းမရှိ မှတ်တမ်းတင်ရမယ့် မြို့တစ်မြို့ပဲကွ၊ မြို့သူမြို့သားတွေလည်း စည်းကမ်းရှိ၊ စည်ပင်က အမှိုက်သိမ်းစနစ်ကလည်း ကောင်းတယ်ကွ”ဟု ပြောမိခဲ့ပါသည်။ မြို့အတွင်းတစ်နေရာ လမ်းကြားတစ်ခုတွင် အမှိုက်ပုံနေရာတစ်ခုကို တွေ့ရှိခဲ့ရသော်လည်း အခြားမြို့များကဲ့သို့ အမှိုက်များစွာ ပျံ့လွင့်နေမှုမရှိသည်ကို တွေ့ရှိရပါသည်။

ပုသိမ်မြို့၏ မြို့အဝင်ဆိုင်းဘုတ်မှာလည်း ခံ့ညားလှပြီး ထိုနေရာတစ်ဝိုက်တွင်လည်း အမှိုက်သရိုက်ကင်းရှင်းသည်။ မြို့တွင်းရောက်၍ အဝင်လမ်းဆုံ၊ လမ်းသစ်ခွရှိ ရုပ်တုများနေရာနှင့် မြို့တွင်း ရွှေမုဋ္ဌောဘုရား ပရိဝုဏ်တွင်လည်း အမှိုက်များ ကင်းရှင်းနေသည်။ အမှိုက်ပုံး၊ အမှိုက်ပုံများ ထားရှိခြင်းမရှိဘဲ အချိန်နှင့်တစ်ပြေးညီ သိမ်းဆည်းခြင်းများဖြင့် ရှင်းလင်းထားသည်ဟု ယူဆမိပါသည်။ သစ်ပင်များအောက်တွင် သစ်ရွက်ခြောက်ကြွေများ အနည်းငယ်မျှ တွေ့ရှိရသော်လည်း ကတ္တရာလမ်းမပေါ်တွင် သစ်ရွက်ခြောက်များ မတွေ့ရဘဲ မြင်ကွင်းရှင်းလှပါသည်။

ယခုဆောင်းပါးတွင် ကျွန်တော်တင်ပြလိုသည်မှာ ပုသိမ်မြို့ စည်ပင်သာယာအဖွဲ့၏ အမှိုက်သိမ်းစနစ်ကောင်းမွန်သလို မြို့သူမြို့သားများ၏ စည်းကမ်းလိုက်နာမှုသည်လည်း အတုယူဖွယ်ဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်ပါသည်။ ပုသိမ်မြို့သည် ကျွန်တော်၏မွေးရပ်မြေ မဟုတ်ပါ။ လွန်ခဲ့သော ၁၂ နှစ်ခန့်က တာဝန်ထမ်းဆောင်ခဲ့ဖူးသဖြင့် သံယောဇဉ်ရှိသော မြို့တစ်မြို့တော့ ဖြစ်ပါသည်။

ကျန်ရှိသော မြန်မာနိုင်ငံအရပ်ရပ်မှ မြို့ရွာများတွင်လည်း ဤပုသိမ်မြို့ကဲ့သို့ ဖြစ်ကြစေချင်ပါသည်။ သန့်ရှင်းရေးလုပ်ငန်းစဉ်တွင် တစ်ရပ်ကွက်ချင်းကောင်းလျှင် တစ်မြို့လုံး ကောင်းပါမည်။ တစ်မြို့ချင်းကောင်းလျှင် မြို့တိုင်းကောင်းပါမည်။ မြို့တိုင်းကောင်းလျှင် တိုင်းဒေသကြီးတစ်ခုလုံး၊ ပြည်နယ်တစ်ခုလုံး ကောင်းပါမည်။ ပြည်နယ်၊ တိုင်းဒေသကြီးတိုင်း ကောင်းလျှင် တစ်တိုင်းပြည်လုံး ကောင်းပါမည်။ သန့်ရှင်းရေးလုပ်ငန်းအတွက် စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြလျှင် သန့်ရှင်းသပ်ရပ်သော နိုင်ငံတော်ကြီးတစ်ခု ဧကန်မလွဲ ဖြစ်လာနိုင်လိမ့်မည်ဟု တွေးတောနေမိပါကြောင်း။ ။

## ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီးဦးမြင့်ဆွေကွယ်လွန်ခြင်း လေးနှစ်ပြည့်အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မန္တလေး-ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဦးမြင့်ဆွေ(မဟာဝိဇ္ဇာ-လန်ဒန်)၏ ကွယ်လွန်ခြင်း လေးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာစုကျောင်းတိုက် ဗုဒ္ဓတက္ကသိုလ်ကျောင်းဆောင်၌ ကျင်းပခဲ့ရာ အလှူရှင်များ၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်သည့် သံဃာတော်များနှင့် သီလရှင်များ၊ လူပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များအား M.A(Final)မှ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဦးဝိမလက ‘မန္တလေး-ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဦးမြင့်ဆွေ(မဟာဝိဇ္ဇာ-လန်ဒန်)’၏ သာသနာအတွက် ဘဝကိုပေးဆပ်ခဲ့ပုံပုံရိပ်များကို ရှင်းလင်းမိန့်ကြားခဲ့သည်။ ထို့နောက် အလှူရှင်များအား ဂုဏ်ပြုလွှာများကို ချီးမြှင့်ပေးအပ်ခဲ့ကြပြီး မန္တလေးဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဦးပဏ္ဍိတက ရေစက်ချတရားဟောကြားကာ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

## သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၁၂**

မွန်ပြည်နယ် သထုံမြို့ရှိ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာ့ဟိတအသင်းက ဦးဆောင်ကာ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီး၏ (၉၁)ကြိမ်မြောက် မဟာဓမ္မပူဇာ စာအောင်ဘွဲ့နှင်းသဘင်ကို ဖေဖော်ဝါရီ ၁၀ ရက်က မြသပိတ်တောင်ခြေရှိ သာသနာ့ဟိတ ဘွဲ့နှင်းဓမ္မာရုံတွင် ဆင်ယင်ကျင်းပခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သထုံမြို့ ဓမ္မမေဒနီကျောင်းတိုက် ပဓာနနာယကဆရာတော်က သြဝါဒချီးမြှင့်ပြီး သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနာ့ဟိတအသင်း ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် တာဝန်ရှိသူများက အသင်း၏ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားကာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းဆရာတော်က အနုမောဒနာတရား ဟောကြားသည်။ ထို့နောက် စာမေးပွဲကြီးတွင် သက်ဆိုင်ရာအဆင့်အလိုက် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်နှင့် သီလရှင် ၄၄ ပါးတို့အား ဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီးတွင် ပထမအကြိမ်မှ (၉၁)ကြိမ်မြောက်အထိ ပိဋကတ္တယ ပါရဂူဘွဲ့ရပုဂ္ဂိုလ် စုစုပေါင်း ၇၅ ပါး၊ သာသနဟိတ ဂဏဝါစက ဓမ္မာစရိယ (ပထမစာချ)ဘွဲ့ရ ၁၂၅ ပါးနှင့် သာသနဇောတိပါလ ဓမ္မာစရိယ(ဒုတိယစာချ)ဘွဲ့ရ ၃၄၀ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာ့ဟိတအသင်းမှ သိရသည်။

**သက်ဦး(သထုံ)**



## မင်္ဂလာဒုံမြို့နယ်တွင် လင်းယုန်စီမံချက်အရ တစ်လကျော်အတွင်း အမှု ၁၆၀ နီးပါး ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများအပါအဝင် အခြား ပြစ်မှုကျူးလွန်ဖွယ်ရှိသူများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်နေသည့် လင်းယုန်စီမံချက်အရ ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မင်္ဂလာဒုံမြို့နယ်အတွင်း၌ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ အချိန်တစ်လကျော်အတွင်း အမှုပေါင်း ၁၅၇ မှုကို ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့်အမှုများမှာ လက်နက်ဥပဒေအရ ကိုးမှု၊ လောင်းကစားဥပဒေအရ ခြောက်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ရှစ်မှု၊ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ လေးမှု၊ ရဲအက်ဥပဒေအရ ၃၅ မှု၊ ယစ်မျိုးဥပဒေအရ ၁၃ မှု၊ မော်တော်ယာဉ်ဥပဒေအရ ၅၉ မှု၊ ပြည့်တန်ဆာဥပဒေအရ နှစ်မှု၊ ခါးပိုက်နှိုက်မှု တစ်မှုနှင့်ကျင့်ထုံးဥပဒေအရ ၂၀ မှု စုစုပေါင်း ၁၅၇ မှုဖြစ်ပြီး ပြေး ၄ ပြေး ဖမ်းဆီးမှုတွင်လည်း လေးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် လောင်းကစားတတ်သူများ၊ ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများ၊ မူးယစ်ဆေးဝါး ဖြန့်ဖြူးသုံးစွဲသူများ၊ ဒုစရိုက်သမားများ၊ ပြေး ၄ ပြေးများ ဖမ်းဆီးခြင်းကို လင်းယုန်စီမံချက်အရ အင်အားပြည့်ဖြင့် အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကာ ဆက်လက်၍လည်း အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်စိုး**

## သုံးခွမြို့နယ် တကောကျေးရွာရှိ ဘုန်းကြီးကျောင်းရေကန် ပြန်လည်တူးဖော်

**သုံးခွ ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တကောကျေးရွာမှ အလျား ၃၀၅ ပေ၊ အနံ ၁၉၅ ပေရှိ ဘုန်းကြီးကျောင်း မြေသားရေကန်ကြီးသည် ကျေးရွာသူကျေးရွာသားများ၏ သောက်သုံးရေအတွက် အားထားရသော မြေသားရေကန်တစ်ကန်ဖြစ်ပြီး ရေကန်မှာ နှစ်ကြာလာသည်နှင့်အမျှ နုန်းမြေများပို့ချမှုကြောင့် တိမ်ကောလာသဖြင့် နောင်နှစ်များတွင် ရေပိုမိုသိုလှောင်နိုင်ရန်နှင့် သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ယန္တရားများအသုံးပြုကာ အနက်သုံးပေ ပြန်လည် တူးဖော်ခြင်းနှင့် ကန်ပေါင်မြေသားမြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကန်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့်အဖွဲ့က ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။ အဆိုပါလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**



# ပြင်ဦးလွင်မြို့သို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာဟုဆို



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၂**
ပြင်ဦးလွင်မြို့သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲ တာဝန်ခံ အရာရှိ ဦးကျော်ဆန်း၏ ပြောပြချက်အရ သိရသည်။

"၂၀၁၆ ခုနှစ်စာရင်းအရ ပြင်ဦးလွင်ကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားဦးရေ ၁၈၆၁၃ ဦးရှိခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ စာရင်းချုပ်လိုက်တော့ ၂၀၂၄၂ ဦးရှိနေတာကို တွေ့ရတယ်၊ ၂၀၁၇ ခုနှစ်မှာ ၁၆၀၀ ကျော်တိုးလာပါတယ်၊ အရင်နှစ်ဟောင်းတွေနဲ့ နှိုင်းစာလိုက်ရင်လည်း တစ်နှစ်ထက်တစ်နှစ် တိုးလာတာကို တွေ့ရတယ်၊ ဟိုတယ်နဲ့ ခရီးသွားလာရေးဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲအနေနဲ့ကတော့ ရောက်ရှိလာတဲ့ခရီးသည်တွေကို လိုအပ်ရင်လိုအပ်သလို ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းမှ ဆက်လက်ပြောသည်။

ပြင်ဦးလွင်သို့ လာရောက်ကြသည့် နိုင်ငံခြားသားခရီးသည်များတွင် တရုတ်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန် စသည့် နိုင်ငံများမှ အများဆုံးဖြစ်ပြီး ပြင်ဦးလွင်မြို့၏အထင်ကရ နေရာများဖြစ်သော အမျိုးသား ကန်တော်ကြီးဥယျာဉ်၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင် သဘာဝလိုဏ်ဂူတော်နှင့် ဘုရင်ခံကုန်းစသောနေရာများ၊ မြို့ပတ်ဝန်းကျင်ရှမ်းရွာ၊ စိုက်ခင်းများနှင့် ပရဟိတလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများသို့ အများဆုံး သွားရောက်လေ့လာလည်ပတ်လေ့ရှိကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ အခမဲ့ကွင်းဆင်းကုသပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ အခမဲ့ ကွင်းဆင်းဆေးကုသမှုကို ဖေဖော်ဝါရီ ၁၀ ရက်က ဇေယျာသီရိမြို့နယ်မွန်းတည့်ခွင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



ကွင်းဆင်း၍ ဆေးကုသပေးရာတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးလှမော်၊ ကျန်းမာရေးဝန်ထမ်း ၁၆ ဦးနှင့် တိုင်းရင်းဆေးရုံကြီး ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်ရပ်မိရပ်ဖ ဦးဇော်ဝင်းလှိုင်၊ ဦးကျော်မြင့်ဦးတို့က ရောဂါများကို အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ဆေးရုံတက်ရမည့်လူနာများအား ညွှန်ကြားပို့ဆောင်ပေးခဲ့သည်။

ယင်းမှ လစဉ်လတစ်လ၏ တတိယပတ်တွင် တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် (CTME) ဆောင်ရွက်လျက်ရှိပြီး လစဉ်လတိုင်း ပထမပတ်တွင် နေပြည်တော်ရေိယာအတွင်းရှိ ကျေးရွာများသို့ အခမဲ့ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ရှင်းလင်း

**သီပေါ ဖေဖော်ဝါရီ ၁၂**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့်မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ကျော် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံမီးပွိုင့်များတွင်မော်တော်ဆိုင်ကယ်များ စည်းကမ်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် ပညာပေးကာလသတ်မှတ်ကာ စည်းရုံးဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ ဆိုင်ကယ်မောင်းနှင်ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆိုင်ကယ်အိတ်ဇောဖွင့်မောင်းနှင်ခြင်း၊ ပါဝါအိတ်ဇောတပ်မောင်းနှင်သည့် ဆိုင်ကယ် ၁၈ စီးတို့ကို အသံလုံသည့် ဆိုင်ကယ်အိတ်ဇောသစ်များ လဲလှယ်စေပြီး အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အဖွဲ့သည် ရက်သတ္တပတ်ကာလအတွင်းပညာပေးချိန်သတ်မှတ်၍ ပညာပေးကာလပြီးဆုံးပါက မော်တော်ယာဉ်စည်းကမ်းဥပဒေဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျောင်းဆောင်သစ်မော်ကွန်းကျောက်စာရေးထိုး

**မန္တလေး ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် ရွှေပြည်တိုက် ပုလဲမြင့်ဘုန်းတော်ကြီးသင်ပညာရေး၊ အလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဆောက်လုပ်မှုအတွက် မော်ကွန်းကျောက်စာရေးထိုးစိုက်ထူဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါကျောင်းဥပစာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်၊ ပရဟိတသာသနာပြုဆရာတော် ဘဒ္ဒန္တနန္ဒသာရနှင့် အလှူရှင် (Myanmar Monastery School Support Team မှ Miss Lsu Ka နှင့် GMI) အဖွဲ့ကိုယ်စားဆရာကြီးဦးမင်းသုခတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်မော်ကွန်းကျောက်စာကို အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက် ပုလဲမြင့်ဘုန်းတော်ကြီးသင်ပညာရေး၊ အလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနန္ဒသာရက ကျောင်းသစ်ဆောက်လုပ်မှုအတွက် (မစ္စအိစုခ) အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ပညာရေးသင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများပါ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**မင်းဟန်(မန္တလေး)**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## (၂၀၁၈–၂၀၂၁)ခုနှစ်၊ (ပဥ္စမ)သက်တမ်း အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့
## ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်
## ၏
## အသိပေးကြေညာချက်

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ မြန်မာနိုင်ငံတွင် မည်သည့်အသင်းအဖွဲ့အစည်းမဆို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဆိုပါက ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် ရွေးချယ်တင်မြှောက်ပွဲပြုလုပ်သည့်အသင်းအဖွဲ့တစ်ခု၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် တရားမျှတသော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ထုတ်ပြန်နိုင်သည့် လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်မှာ နိုင်ငံတော်တွင် လက်ရှိကျင့်သုံးနေသော ရွေးကောက်ပွဲကော်မရှင်တိုင်း၏ မူတစ်ရပ်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို အခြေခံ၍ ယခုရွေးချယ်တင်မြှောက်ရေးကို စည်းမျဉ်းသတ်မှတ်ရမည်မှာ မှန်သော်လည်း အသင်းချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် မူလကပင် မပါရှိခဲ့သည့်စကားရပ်များနှင့် စကားလုံးအသစ်များကို အသင်းသားများအားလုံးနှင့် အသင်းချုပ်၏ အကျိုးစီးပွားတိုးတက်ရာ တိုးတက်ကြောင်းကိုလည်းကောင်း၊ တရားမျှတမှုရှိစေနိုင်မည့် အကျိုးသက်ရောက်မှုမှန်သမျှကိုလည်းကောင်း၊ လိုအပ်သလို ဖြည့်စွက်နိုင်ခွင့်ရှိခြင်းမှာ ကော်မရှင်ဖွဲ့စည်းစဉ်ကပင် ပါရှိခဲ့သည့် လုပ်ပိုင်ခွင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲမှန်သမျှကို ဤကဲ့သို့ပင် ကျင့်သုံးဆောင်ရွက်လျက်ရှိနေပါသည်။

၃။ အသင်းချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် မဆန့်ကျင်စေဘဲ ရွေးကောက်ပွဲတင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် ကျောက်မျက်ရတနာလုပ်ငန်းဆိုသော စကားရပ်နှင့် ကိုက်ညီစေမည့် စကားရပ်များနှင့် စကားလုံးအသစ်များကို မူလက ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မပါရှိလင့်ကစား၊ ရွေးချယ်တင်မြှောက်သည့် စည်းမျဉ်း၊ စည်းကမ်းများတွင် ထည့်သွင်းဖော်ပြခြင်းသည် လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ဥပဒေသဘောအရ ဆန့်ကျင်ရာမရောက်ပါ။

၄။ ယင်းအပြင် ရွေးချယ်တင်မြှောက်ပွဲတွင် စည်းကမ်းစနစ်ရှိရှိ တိတိကျကျဆန္ဒပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ရှိသော အဖွဲ့အစည်းတစ်ခု၏ ကွန်ပျူတာပညာရှင်များနှင့် ကွန်ပျူတာများကို မဲရေတွက်ရာတွင် အကူအညီရယူမည်ဖြစ်ပါသည်။ လုံခြုံရေးအတွက်လည်း ရွေးကောက်ပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမ ဥပစာတွင်သာမကဘဲ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် တစ်ခုလုံး၏ လုံခြုံရေးကို အနှောင့်အယှက်မဖြစ်စေရန်အတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများဖြင့် ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်ပါသည်။ မဲရေတွက်ရာတွင် ကြီးကြပ်နိုင်ရန်အတွက်လည်း အသင်းခွဲများမှ ကိုယ်စားလှယ်(၂)ဦးစီ၏ အကူအညီရယူရန် စီစဉ်ထားရှိပါသည်။

၅။ သို့ဖြစ်ပါ၍ **(၂၉.၁.၂၀၁၈)ရက်နေ့က** သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်သော စည်းကမ်းများနှင့်အညီ **(၁၀.၃.၂၀၁၈)ရက်နေ့၊ နံနက်(၀၉း၀၀)နာရီ**အချိန်တွင် ရွေးချယ်တင်မြှောက်ပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးခန့်အောင် ၈/ရစက(နိုင်)၂၀၅၀၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၆၇၁၃၄၅

## ပျောက်ဆုံးကြောင်း

